Agribiz News
စီးပွား သတင်း
www.agribiznews.com.mm
e-Paper-0020
၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများပြန်လည်စိုက်ပျိုးရန် အရင်းမပျောက် မတည်ငွေနှင့် စိုက်ပျိုးရေးသွင်းအားစုများအသုံးပြုနိုင်ရန် ထောက်ပံ့ငွေလှူဒါန်း




နေပြည်တော် အောက်တိုဘာ ၄

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ထံသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တို့က ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ် မှုဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်၊ ပျက်စီးခဲ့သည့် သီးနှံများ ပြန်လည်စိုက်ပျိုးရန် အရင်းမပျောက် မတည်ငွေ နှင့် မျိုးစေ့၊ရွက်ဖျန်းမြေဩဇာနှင့်ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေး အတွက် ထောက်ပံ့ငွေ လှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၄ ရက် နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင် ခန်းမ၌ ကျင်းပ ပြုလုပ်ရာ အခမ်းအနားသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၊ ဒုတိယဝန်ကြီးများ ၊ ဖိတ်ကြား ထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ တို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ က အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၁၂၅၀၀ နှင့် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်း နှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ က ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ ကို လည်းကောင်း ပေးအပ်ကြရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၊ ဒုတိယဝန်ကြီးများက လက်ခံရယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကျေးဇူးတင်စကား ပြောကြားရာ၌ ယခုပေးအပ်သည့် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ မှ ရေကြီးနစ်မြုပ်မှု ဒဏ်ခံခဲ့ကြရသည့် စပါးစိုက်ဧရိယာ ၇၇၇၃ ဧက အတွက် မျိုးစေ့တစ်တင်း ၊ ရွက်ဖျန်း မြေဩဇာ၊ ပိုးသတ်ဆေး အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ၆၄၃၂၅ ကျပ်နှုန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ အရင်းမပျောက်မတည်ငွေ ကျပ်သိန်းပေါင်း

စာ-၄ သို့

ကမ္ဘာ့စားနပ်ရိက္ခာနေ့
World Food Day 2024 ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်


# စပါးသီးနှံတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းများခေါင်းစဉ်ဖြင့် ၃၈ ကြိမ်မြောက်ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၃၈ ကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်နေ့က "စပါးသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ကြကြောင်းသိရသည်။



စကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက မိမိတို့နိုင်ငံ၏ ၂၀၂၃-၂၀၂၄ ခုနှစ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်မှုအရ ပြည်တွင်းစားသုံးမှု ဖူလုံမှု ၁၅၆ ဒသမ ၃၇ ရာခိုင်နှုန်းရှိပြီး ပြည်ပသို့ ဆန်စပါးတင်ပို့နိုင်မှုအနေဖြင့် ဆန်တန်ချိန် ၉ ဒသမ ၈ သိန်းခန့်၊ ဆန်ကွဲတန် ၇ ဒသမ ၇ သိန်းခန့် တင်ပို့နိုင်ကြောင်း၊တစ်နှစ် ထက်တစ်နှစ် ဆန်စပါးအထွက်နှုန်းတိုးတက်ရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေများဖြင့် ရင်းနှီးမတည်ငွေအဖြစ် ထောက်ပံ့ပေးခြင်း၊ ဓါတ်မြေဩဇာ လိုအပ်ချက်များကို နှစ်အလိုက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးစပါးနွေစပါးဧက စုစုပေါင်း ၁၇ ဒသမ ၆၇ သန်းကျော် စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဧကများအနက် ရေတော် မိုးတော်ဧကများထဲမှ ရေ မြေအခြေခံကောင်းသည့် ဧကများ ကို ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် မိုးစပါးဧက ၄ သန်းအား ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး လျာထားဆောင်ရွက်လျက် ရှိကြောင်း၊

ယင်းကဲ့သို့ ရွေးချယ်သတ်မှတ်ဆောင်ရွက်ရာတွင် လိုအပ်သောနည်းပညာအပါအဝင် စပါးသီးနှံစိုက်ပျိုး ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်၌ တွေ့ကြုံရနိုင်သည့် အခက်အခဲပြဿနာများ ဖော်ထုတ်အဖြေရှာနိုင်ရေးနှင့် စပါးသီးနှံ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ယခုဆွေးနွေးပွဲတွင် ဖော်ထုတ် အကြံပြုခြင်းများ ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပညာရှင်များက စပါးတစ်ဧက အထွက်နှုန်း တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်း၏ အရေးပါမှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စပါးအထွက်နှုန်းတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍ တစ်ခုတွင် ပါဝင်နေသော စိုက်ပျိုးနည်းစနစ်များနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့နေရသော အခက်အခဲအတားအဆီးများကို စီမံဖြေရှင်းနိုင်မည့်နည်းလမ်းများအား ဆွေးနွေးတင်ပြကြပြီး အခမ်းအနားတက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြ သည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

# သနပ်ပင်၊ ဝေါ၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ပဲခူး၊ ကဝ တောင်သူများနှင့် စိုက်ပျိုးနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော်၊ အောက်တိုဘာ ၁၀

စက်တင်ဘာလ ဒုတိယပတ်တွင် ဖြစ်ပေါ်ခဲ့သော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများအချိန်မီ ပြန်လည် စိုက်ပျိုးနိုင်ရေးနှင့် ထိခိုက်မှုမရှိခဲ့သည့် ဒေသများမှ စပါး၊ ဆီထွက်၊ ပဲ၊ ဝါ သီးနှံများ အထွက်နှုန်းတိုးတက်စေရေး လယ်ယာကဏ္ဍ ပညာပေး နှီးနှောဖလှယ်ပွဲများကျင်းပလျက်ရှိရာ အောက်တိုဘာ ၉ ရက်နေ့က ပဲခူးတိုင်းဒေသကြီးသနပ်ပင်မြို့နယ် မိဘမေတ္တာပွဲရုံ၌ တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်သည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ သီးနှံမျိုးပညာရှင်များ၊ မြေဆီလွှာ ပညာရှင်များ၊သီးနှံ ကာကွယ်ရေး၊ စက်မှုလယ်ယာကဏ္ဍ ပညာရှင်များနှင့် သနပ်ပင်၊ဝေါ၊ ညောင်လေးပင်၊ဒိုက်ဦး၊ ပဲခူး၊ ကဝ မြို့နယ်များမှ တောင်သူ ၂၀၀ ဦး တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို တောင်သူများ၏ စိတ်ဝင်စားမှုအရ မျိုး၊ သီးနှံကာကွယ်ရေး၊ မြေဆီလွှာ စသည့် အဖွဲ့များခွဲ၍ ဆွေးနွေးခဲ့ကြရာ တောင်သူများက မျိုးအပိုင်းနှင့်စပ်လျဉ်း၍ ရေမြုပ်ခံ စပါးမျိုး ရေမြုပ်ခံနိုင်သည့်ကာလ အသက်ရက် စားသုံးမှုအရည်အသွေးများနှင့် ပတ်သက်၍လည်းကောင်း၊ ပဲတီစိမ်း သီးနှံ (ရေဆင်း ၁၆)မျိုး ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် တင်ပြဆွေးနွေးကြသည်။ ဆက်လက်၍ ပညာရှင်များက စပါးအပြီး ပဲပုပ်စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ တောင်သူများအားမိတ်ဆက်ဆွေးနွေးခြင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နေကြာမျိုးများ နှင့်စပ်လျဉ်း၍ တောင်သူများ သိရှိလိုသည့် မေးမြန်းချက်များ၊ ရွှေခရု၊ စပါးဖြုတ်ပိုး၊ ပဲမြောင်တောင်ကျရောက်မှု ကာကွယ်နှိမ်နင်းနည်းများ၊ ပေါင်းသတ်ဆေးနှင့်စပ်လျဉ်း၍



ဆောင်ရန် ရှောင်ရန်များ၊ မြေဆီလွှာနှင့် သက်ဆိုင်သည့် ပြဿနာများ၊ မြေကျွံခြင်း၊မြေချဉ်ခြင်း၊မြေငံခြင်း၊ သံအဆိပ်သင့်ခြင်း၊ မင်းဂနိစ် အဆိပ်သင့်ခြင်း ဖြစ်ပေါ်မှုဆိုင်ရာများ၊ ရေသွင်းရေထုတ် ပြုလုပ်ရာတွင် ကြုံတွေ့နိုင်သည့် ပြဿနာများနှင့်စပ်လျဉ်း၍ပညာပေးဆွေးနွေးကြသည်။

အဖွဲ့လိုက် ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပေါင်းစပ် ညှိနှိုင်း ဆွေးနွေးပေးခဲ့ပြီး ပညာရှင်များ၊ တောင်သူများ၊ လုပ်ငန်းရှင်များအားလုံး ပါဝင်သော သုတေသနစံပြမြို့နယ်များ ထူထောင်ဆောင်ရွက်နိုင်ရေး၊ အပြန်အလှန် ဆက်သွယ် ဆောင်ရွက်နိုင်မည့် ပလက်ဖောင်းတစ်ခု ထူထောင်

စာ-၄ သို့

# အောက်တိုဘာ ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ် ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၄ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်၅ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည်သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင်၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ကွမ်းစိုက်တောင်သူများ ဆောင်းရာသီတွင် အမြတ်များများ ရရှိရန် ပစ်မှတ်ထားနေ

**မ**န္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်မှ ကွမ်းပင်စိုက်ပျိုးသူများသည် မုတ်သုံရာသီထက် ဆောင်းရာသီတွင် အမြတ်အစွန်း ပိုမိုရရှိသည်ကို တွေ့ရကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူ ရေးရာဦးစီးဌာနမှ သိရပါသည်။

မုတ်သုံရာသီတွင် ကွမ်းခြံများ ပျက်စီးတတ်ပါသည်။ ထို့အပြင် ပိုးမွှားများသည် စိုက်ခင်းများကို ဖျက်ဆီးကာ ရလဒ်အနေဖြင့် အရွက်များ အဝါရောင်ဖြစ်ခြင်း၊ တွန့်ခေါက်ခြင်းနှင့် ကျုံ့ခြင်း တို့ကို ဖြစ်စေပါသည်။ လေပြင်းတိုက်ခတ်မှု၊ ရေကြီးမှု၊ ပိုးမွှားဝင်ရောက်မှုနှင့်ကွမ်းစိုက်တောင်သူ ဦးရေလျော့ကျခြင်းတို့ကြောင့် အထွက်နှုန်းကျဆင်းခဲ့ကြောင်း စိုက်ပျိုး ရေး လု ပ် င န်း ရှ င် များ က ပြောကြားကြသည်။ ကွမ်းခြံများသည် ဆောင်းရာသီတွင် အထွက်နှုန်းကျဆင်းမှုကို ထိန်းချုပ်ထားနိုင်ပြီး ဈေးနှုန်းများမြင့်တက်ကြောင်း စိုက်ပျိုးသူများက ပြောကြားသည်။

ကွမ်းရွက်ကို စိုက်ပျိုးပြီး ငါးလမှ ခြောက်လအတွင်း ခူးယူနိုင်ပါသည်။ ကွမ်းမျိုးစိတ်ပေါ် မူတည်၍ သုံးနှစ်မှ ငါးနှစ်အထိခူးယူနိုင်ပါသည်။ မျိုးစေ့၊ သွ င်း အား စု န ှ င့် လု ပ် ခ အ ပါ အ ဝ င် သုညဒသမ၂၅ ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ သန်းခန့် ကုန်ကျပါသည်။ ကွမ်းရွက်ကို ဆယ်ရက်ခြား တစ်ကြိမ် ခူးယူနိုင်ပါသည်။ အထွက်နှုန်းမှာ တစ်လလျှင် ၃၅ ပိဿာမှ ၄၀ ပိဿာအထိ ထွက်ရှိကြောင်း သိရသည်။

ကွမ်းစိုက်ပျိုးခြင်းသည် စနစ်တကျ အပင်ပြုစုတတ်ခြင်းနှင့် မှိုသတ်ဆေးသုံးစွဲသည့် အတွေ့အကြုံများ လိုအပ်ပါသည်။ ထို့အပြင် ကွမ်းရိုးနွယ်ပင်များသည် မြေဆီလွှာကောင်း လိုအပ်သော်လည်း အပင်ခြေနှင့် အမြစ်ပုပ်ရောဂါတို့ကို ကာကွယ်ရန် အတွက် အစိုဓာတ်လွန်ကဲစွာဖြင့် ပင်ခြေတွင်ရေမဝပ်ရန် လိုအပ်မည်ဖြစ်သည်။

ကွမ်းစိုက်ပျိုးခြင်းသည် လုပ်ကွက် င ယ် တော င် သူ လ ယ် သ မား များ အတွက် ကျစ်လစ်သော လုပ်အားနှင့် များပြားသော ဝင်ငွေရစေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်းသိရှိရသည်။

**ဟောမန်အောင်မင်း**

https://www.gnlm.com.mm/betel-farmers-target-winter-for-higher-profits/



Agribiz News
www.agribiznews.com.mm
သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဇံထွေး(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

စိုက်ပျိုးရေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကို အောက်တိုဘာ ၇ နှင့် ၈ ရက်နေ့များတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သင်တန်းဆွေးနွေးပွဲခန်းမ၌ "ပိုမိုတောက်ပသော အနာဂတ်ဆီသို့ စူးစမ်းတီထွင်မှုဖြင့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲစို့" ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သည်။




စာတမ်း ဖတ်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမှာစကားပြောကြားရာ၌ ကမ္ဘာ့နိုင်ငံအများစု၌ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏ပင်မ စီးပွားရေးကဏ္ဍဖြစ်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးပါသော ကဏ္ဍဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရန် သုတေသန လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ပြီး သိပ္ပံနည်းကျ သုတေသန တီထွင်စမ်းသပ်အောင်မြင်မှုများကြောင့် တစ်ပိုင်တစ်နိုင် မိသားစုစားဝတ်နေရေး စိုက်ပျိုးရေးအဆင့်မှသည် ရေရှည် တည်တံ့ ခိုင်မြဲသည့် အဆင့်သို့ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့မြေဧရိယာ၏ ၁၈ ရာခိုင်နှုန်း သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်သည့် မိမိတို့နိုင်ငံ၌ လယ်ယာကဏ္ဍတွင် လုပ်သားအင်အားပါဝင်မှု ၆၁ ဒသမ ၁၃ ရာခိုင်နှုန်း အထိပါဝင်နေပြီး နိုင်ငံ့ဂျီဒီပီ ၂၃ ဒသမ ၆ ရာနှုန်းရှိကာ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်သည့် ဧရိယာမှာ စုစုပေါင်း နိုင်ငံမြေဧရိယာ၏ ၁၈ ရာခိုင်နှုန်းအထိရှိပါကြောင်း၊ လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားအခြေအနေနှင့် ထုတ်လုပ်မှုစွမ်းအား မြင့်မားလာပြီး ဈေးကွက်တင်ပို့နိုင်ရန် သုတေသန တီထွင်စမ်းသပ်မှုများဖြင့်စွမ်းဆောင်ပေးနိုင်လျက်ရှိပါကြောင်း၊ မြို့ပြဖွံ့ဖြိုးမှုများကြောင့်လယ်ယာမြေများ လျော့ကျလာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်လိုသည့် လူငယ်အရေအတွက် နည်းပါးလာခြင်း၊ ရာသီဥတုပြောင်းလဲမှုများနှင့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအခြေအနေများကြောင့် အနာဂတ် စားရေရိက္ခာဖူလုံမှုရှိစေရေး အပေါ်စိန်ခေါ်နေမှုများကို သုတေသနနှင့် စမ်းသစ်တီထွင်ခြင်းဖြင့်သာ မိမိတို့ တုံ့ပြန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊

နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနအနေဖြင့် သုတေသန ပညာရှင်များအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးနှင့် ထွက်ရှိလာသည့် သုတေသနရလဒ်များ ခိုင်မာမှုရှိလာပါက ပြန့်ပွားအောင် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊

ယခုကျင်းပသည့် စိုက်ပျိုးရေးတက္ကသိုလ် နှစ် ၁၀၀ ပြည့်နှစ် အထိမ်းအမှတ်သုတေသနစာတမ်းဖတ်ပွဲတွင် သုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်စေရေး၊ သုတေသနပညာရှင်များနှင့် တောင်သူဦးကြီးများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အောင်မြင်သော သုတေသနရလဒ်များ ဖော်ဆောင်နိုင်ကြစေရေးပိုင်းဝန်းဆွေးနွေးဖော်ထုတ်ပေးကြပါရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း က စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော"ပိုမိုတောက်ပသော အနာဂတ်ဆီသို့ စူးစမ်းတီထွင်မှုဖြင့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲစို့" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကျင်းပရခြင်းကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး၊ဒုတိယဝန်ကြီးများ ဧည့်သည်တော်များနှင့် စာတမ်းရှင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

နှစ်ရက်ကြာ ကျင်းပပြုလုပ် သွားမည့် အဆိုပါစာတမ်းဖတ်ပွဲသို့ ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင် နှင့် အတူ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ အထူးဧည့်သည်တော်များ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပညာရေးအဖွဲ့ဝင်များနှင့် စာတမ်းရှင်များ၊ လေ့လာသူများ တက်ရောက်ခဲ့ကြပြီး ကဏ္ဍအသီးသီးမှ ပညာရှင်များ က စာတမ်း ၃၂ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြကြောင်း သိရသည်။

MOALI

မျက်နှာဖုံးမှ

၁၂,၅၀၀ ကို မိုးစပါးသီးနှံ ထိခိုက်မှုရှိခဲ့သည့် စိုက်ခင်းများအတွက် တစ်ဧကကျပ် တစ်သိန်းနှုန်းဖြင့် အတိုးမဲ့ချေးပေးရန် လျာထားပါကြောင်း၊ အဆိုပါ မတည်ငွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊မြို့နယ်အလိုက်မြန်မာနိုင်ငံ ဆန်စပါးအသင်း ကိုယ်စားလှယ်များကစည်းမျဉ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်း စီမံခန့်ခွဲပြီး စိုက်ပျိုးရေး ဦးစီးဌာန (ရုံးချုပ်)က မူဝါဒချမှတ် ကိုင်တွယ်သွားမည်ဖြစ်ကြောင်း၊ အလားတူ မိုးစပါးများ ပြန်လည် စိုက်ပျိုးနိုင်ခြင်းမရှိသော ဧရိယာများတွင် မတ်ပဲ၊ ပဲတီစိမ်းသီးနှံများ၊ မြေပဲ၊ နှမ်း၊ နေကြာ သီးနှံများ စသည့်တောင်သူများ တွက်ချေ ကိုက်သော အခြားသီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ကြစေရန် အတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀၀၀ ဖြင့် စီမံဆောင်ရွက်ပေး သွားမည်ဖြစ်ပြီး မတ်ပဲ ၂၆၉၂ ဧက နှင့် ပဲတီစိမ်း ၁၃၀၄ ဧကအတွက် တစ်ဧကလျှင် မျိုးစေ့တစ်တင်းနှုန်း ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေခြင်းငှာ တစ်ဖက်တစ်လမ်းမှထောက်ပံ့ပေးသော အလှူရှင် အသင်းချုပ်များ၊ ကုမ္ပဏီအစုအဖွဲ့များအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။


MOALI

စာ-၂ မှ-

ဆောင်ရွက်ရန်လိုအပ်နေမှုတို့ကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

၎င်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တောင်သူများ၏မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် သီးနှံစိုက်စနစ်များအကြောင်း အသိပညာပေးဗီဒီယိုပြသခဲ့ကြောင်း သတင်း ရရှိသည်။ MOALI

ပိုမိုကောင်းမွန်သည့် ဘဝနှင့် အနာဂတ်ရရှိရေး
လူသားတိုင်း စားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်းပေး



# ရေကြီးရေလျှံမှုကြောင့်ပျက်စီးခဲ့သည့်လယ်မြေတွင် စပါးသီးနှံပြန်လည်စိုက်ပျိုးခြင်းအတွက် မြေပြင်ထွန်ယက်ပြီး ကောက်စိုက်စက်ဖြင့် အခမဲ့စိုက်ပျိုးပေး

နေပြည်တော်၊ အောက်တိုဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်မှု သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခဲ့သော မိုးစပါးအပါအဝင် သီးနှံစိုက်ခင်းများရာသီချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန က လိုအပ်ချက်များ ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာအနီးရှိ တောင်သူများ ၏ လယ်မြေ ၂၁ ဧက ကို စက်မှုလယ်ယာဦးစီးဌာန က မြေပြင်ထွန်ယက်ပေးနေမှု၊ ကောက်စိုက်စက်များဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး က ဆွေးနွေးပြောကြားရာ၌ ပြောင်းလဲသက်ရောက်လာသည့် ရာသီဥတုကြောင့် သဘာဝဘေးများရင်ဆိုင်မှု ကြုံတွေ့ရမှု အခက်အခဲများကို ဌာနနှင့်တောင်သူများ၏ စုပေါင်းဆောင်ရွက်မှုဖြင့် ရင်ဆိုင်ကျော်လွှားသွားရန်လိုကြောင်း၊ ယခုကဲ့သို့ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် လယ် မြေ ၂၁ ဧကတွင် ရာသီအမီ သက်တမ်းတိုစပါး ပြန်လည်စိုက်ပျိုးခြင်းအတွက် မိမိတို့ ဝန်ကြီးဌာနက ထွန်စက်ကြီးများဖြင့် မြေပြင်ထွန်ယက်ပေးခြင်း၊ ပျိုးထောင်ပြီး စပါးပျိုးပင်များကို ကောက်စိုက် စက်များ အသုံးပြု၍ စိုက်ပျိုးပေးခြင်းအား အခမဲ့ ထောက်ပံ့ ကူညီဆောင်ရွက်ပေးခြင်းသည် ဒေသ၏ စားရေရိက္ခာ ဖူလုံစေရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး အတွက် ရည်ရွယ် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ သီးနှံများဖြစ်ထွန်းအောင်မြင်ရေးအတွက် သွင်းအားစုထည့်သွင်းခြင်း အပါအဝင် လိုအပ်သောအပင်ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများကို တောင်သူများ က ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေး ကြ စေ လို ကြောင်း ဆွေး နွေး ပြော ကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန က ပင်လောင်းလမ်းဆုံအနီး စ န စ် ကျ လ ယ် ယာ မြေ ဖော်ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်ထုတ်လမ်းရေသွင်းမြောင်း၊ ရေထုတ်မြောင်းများပါဝင်ပြီး လယ်ယာသုံးစက်ကိရိယာများ လွယ်ကူစွာ ဝင်ထွက်နိုင်စေမည့် စက်မှုလယ်ယာစနစ်ကို လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်နိုင်ကြမည်ဖြစ်၍ တစ်ဧကချင်း၏ သီးနှံထုတ်လုပ်မှုတိုးတက်ရေးနှင့် တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် တောင်သူများဘက်က အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

တောင်သူများနှင့်တွေ့ဆုံစဉ် သက်ဆိုင်ရာ ဦးစီးဌာနများအလိုက် ညွှန်ကြားရေးမှူးချုပ်များက သီးနှံများဖြစ်ထွန်းအောင်မြင်ရေးအတွက် သွင်းအားစုထည့်သွင်းခြင်း၊ အပင်ပြုစု စောင့်ရှောက်ခြင်း၊ ရေသွင်းစနစ်မှန်ကန်ရေးနှင့် စိုက်ပျိုးရေချွေတာအသုံးပြုရေး၊ လယ်ယာမြေအသုံးပြုခွင့် လုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုဆိုင်ရာသိမှတ်ဖွယ်ရာများကို ဆွေးနွေး တင်ပြခဲ့ကြသည်။

စက်တင်ဘာလ ဒုတိယပတ်တွင် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်မှုနှင့် ရေကြီးရေလျှံမှုများကြောင့် နေပြည် တော် ကော င် စီ န ယ် မြေ အ တွ င်း ထိခိုက်ခဲ့သည့် သီးနှံစိုက်ခင်းများ အထွက်နှုန်းကျဆင်းမသွားစေရေး နှင့် ပျက်စီးခဲ့သည့် စိုက်ခင်းများ ရာသီအချိန်မီစိုက်ပျိုး လုပ်ကိုင်နိုင်ရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး နှ င့် ဆ ည် မြော င်း ဝ န် ကြီး ဌာ န အောက်ရှိ ဦးစီးဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ စပါးသီးနှံ ပြ န် လ ည် စို က် ပျိုး ခြ င်း အ တွ က် မြေပြင်ထွန်ယက်ခြင်း၊ မျိုးစပါးအခမဲ့ ရရှိရေး အပါအဝင် အခြားသီးနှံ စို က် ပျိုး လို သော တော င် သူ များ အတွက် လိုအပ်ချက်များ ကူညီ ဆော င် ရွ က် ပေး လျ က် ရှိ ကြော င်း သတင်း ရရှိသည်။

MOALI

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲ စိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ် ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါကတည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး ၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေ လုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ကြမ်းခင်းဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်၍ ဆန်ဖြူတင်ပို့မှု ပြန်လည်ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

**အိ**န္ဒိယအစိုးရသည် ဘာစမာတီဆန် မဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပြီးခဲ့သည့် စက်တင်ဘာ ၂၈ ရက်က ပြန်လည်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ သို့သော် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (ကြမ်းခင်းဈေး) ကို ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်မည်ဟု အိန္ဒိယနိုင်ငံခြားကုန် သွယ်မှုညွှန်ကြားမှုဦးစီးဌာန (Directorate-General of Foreign Trade -DGFT) က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၌ ပါရှိကြောင်း The Hindu Businessline သတင်းဌာနက ဖော်ပြသည်။

"တစ်ဝက်တစ်ပျက်ကြိတ်ခွဲ ထားသော သို့မဟုတ် အလုံးစုံကြိတ်ခွဲထားသော၊ အရောင်တင် ထားသော သို့မဟုတ် မတင်ထားသော၊ ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူ (HS code 1006 30 90) ကို ကြမ်းခင်းဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ ဖြင့် ကန့်သတ်ကုန်မှ လွတ်လပ်စွာတင်ပို့နိုင်သော ကုန်အဖြစ် ပြင်ဆင်သတ်မှတ်လိုက်ပြီး၊ နောက်ထပ် အမိန့်တစ်စုံတစ်ရာမထုတ်ပြန်မီအချိန်အထိချက်ချင်းအာဏာသက် ရောက်စေရမည်။" ဟု DGFT ၏ အမိန့်ကြော်ငြာစာ၌ ဖော်ပြထားကြောင်း သိရသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလကတည်းက အာဏာသက်ဝင်ခဲ့သည့် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန၊ ရငွေဦးစီးဌာနမှ ထုတ်ပြန်သောအမိန့်အရ ဆန်ဖြူကို ပို့ကုန်ခွန်သုညဖြင့်တင်ပို့ခွင့်ပြုထားကြောင်း သိရသည်။ ပေါင်းဆန်အပေါ် ပို့ကုန်ခွန်အား ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့လျှော့ချ သတ်မှတ်ကြောင်းနှင့် အခွံချွတ်ထားသော ဆန်နှင့် ဆန်လုံးညိုတို့အပေါ် ပို့ကုန်ခွန်အား အလားတူ လျှော့ချသတ်မှတ်လိုက်ကြောင်း အဆိုပါ ရငွေဦးစီးဌာနမှ ပြီးခဲ့သည့် သောကြာနေ့ (စက်တင်ဘာ ၂၇ ရက်) က ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

အစိုးရမှ ယခုကဲ့သို့ ဆန်ဖြူပြန်လည်တင်ပို့ခွင့်ပြုခဲ့ပြီး၊ ပေါင်းဆန်အပေါ်အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ပေးခဲ့မှုအပေါ် ကြိုဆိုကြောင်း၊ သို့သော် ၎င်းအနေဖြင့် အဘယ်ကြောင့်ဆန်ဖြူကို ကြမ်းခင်းဈေး ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်ပြီး၊ ပေါင်းဆန်အပေါ် အကောက်ခွန်နှုန်း ၁၀ ရာခိုင်နှုန်း သတ်မှတ်သည့်အပေါ် ကောင်းစွာနားမလည်ဟု အိန္ဒိယဆန် တင်ပို့ရောင်းချသူများ အသင်း ဥက္ကဋ္ဌ BV Krishna Rao က ပြောကြားခဲ့သည်။

စိုက်ပျိုးရေးပို့ကုန်များတင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ M Madan Prakash က အစိုးရ အနေဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားသော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် ဆန်ဖြူကို ပမာဏများများ တင်ပို့နိုင်ဖွယ်ရှိကြောင်းပြောကြားခဲ့သည်။ "ယခင်က ကျနော်တို့ ဝယ်သူတွေကို ပေါင်းဆန်သို့ ပြောင်း လဲဝယ်ယူကြဖို့ တိုက်တွန်းနေခဲ့ရပါတယ်။ အခုတော့ ဆန်ဖြူတင်ပို့ခွင့် ပြန်လည်ခွင့်ပြုလိုက် ပြီဖြစ်ကာ ကြမ်းခင်းဈေး သတ်မှတ်ချက်ကတော့ ပြဿနာကြီးကြီးမားမားမဟုတ်ပါ" ဟု ၎င်းက ပြောကြားခဲ့သည်။

"အစိုးရက ယခုလိုဆောင်ရွက်လိုက်တာဟာ မှန်တယ်ပါတယ်။ ပေါင်းဆန်က ၁၀ ရာခိုင်နှုန်း အခွန်ပေးရရင်တောင် ဆန်ဖြူရဲ့ ကြမ်းခင်းဈေးနှင့် နှိုင်းယှဉ်လျှင် သက်သာနေတဲ့အတွက် ပေါင်းဆန် ကိုပဲ ဆက်လက်တင်ပို့သွားမှာဖြစ်ပြီး၊ ဆန်ဖြူကိုတော့ ဖြည်းဖြည်းချင်း တင်ပို့သွားမှာဖြစ်ပါတယ်" ဟု နယူးဒေလီမြို့ အခြေစိုက် ဆန်ကုန်သည်တစ်ဦးဖြစ်သူ Rajesh Paharia Jain က ပြောကြားခဲ့ သည်။ ကမ္ဘာ့ဆန်ဈေးကွက်တွင် အိန္ဒိယဆန်ဈေးနှုန်းကိုယှဉ်၍ ရောင်းနိုင်ခြင်းမရှိသည့်အတွက် ဈေးနှုန်းပြောင်းလဲဖွယ်ရှိကြောင်း၊ ယင်းသို့ဆိုပါက ကမ္ဘာ့ဆန်ဈေးကွက်တွင် နေရာပြန်လည်ရရှိနိုင်ရန် အကူအညီပေးနိုင်ကြောင်း၊ ဆန်ကွဲတင်ပို့မှုမှာမူ သမိုင်းကြောင်းတစ်ခုသာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယအနေဖြင့် ပြည်တွင်း၌ ဆန်စိုက်ပျိုးထွက်ရှိမှု နည်းပါးမည်ကို စိုးရိမ်သည့်အတွက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ပြည်ပသို့ဆန်တင်ပို့မှုပိတ်ပင်ထားမြစ်ခဲ့သည်။ ဩဂုတ်လတွင် အယ်နီညိုကြောင့် အဓိကစပါးစိုက်ရာ ဒေသများ၌ မိုးရေကောင်းစွာမရရှိသည့်အတွက် ပေါင်းဆန်၊ ဆန် လုံးညိုနှင့် အခွံချွတ်ထားသောဆန်တို့အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း သတ်မှတ်စည်းကြပ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယစိုက်ပျိုးရေးရေးဝန်ကြီးဌာနမှ ယခုသီတင်းပတ်အတွင်း ထုတ်ပြန်ထားသော အချက် အလက်များအရ ဆန်ထုတ်လုပ်မှု တန်ချိန် ၁၃၇ ဒသမ ၈၃ သန်းရှိကြောင်းနှင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ် က တန်ချိန် ၁၃၅ ဒသမ ၇၆ သန်းသာ ထုတ်လုပ်ခဲ့သည့်အတွက် ဆန်ထုတ်လုပ်မှု တိုးတက်လာ ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သော ဆန်များတင်ပို့ခွင့်ပိတ်ပင်ခဲ့သည့်အတွက် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က အဆိုပါဆန်များ တင်ပို့မှုတန်ချိန် ၁၇ ဒသမ ၇၉ သန်းရှိခဲ့ရာမှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၁၁ ဒသမ ၁၂ သန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ယခုနှစ် ခါရစ် (မိုးရာသီ) စပါးစိုက်ဧရိယာသည် ယခင်နှစ်က ဟက်တာ ၄၀၁ ဒသမ ၅၅ သိန်းရှိခဲ့ရာမှ ၄၁၀ ဒသမ ၅ သိန်းသို့ တိုးမြင့်လာကြောင်း၊ သို့သော် Telangana၊ Andhra Pradesh၊ Jharkhand စသည့် ပြည်နယ်များနှင့် အနောက်ဘင်္ဂလားပြည်နယ် တောင်ပိုင်းဒေသများ၌ မိုးသည်း ထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါဒေသများမှ စပါးစိုက်ပျိုးထွက်ရှိမှုအပေါ် စိုးရိမ်မကင်းဖြစ်နေကြကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ဆန်ဖြူတင်ပို့ခွင့်ပိတ်ပင်ခဲ့သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်း ၁ တန်လျှင် ကန်ဒေါ်လာ ၆၀၀ နီးပါးအထိ မြင့်တက်ခဲ့ပြီး၊ ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ အနေဖြင့် ၎င်းမှ တစ်ဆင့် အကျိုးအမြတ် များပြားခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆန်ဖြူတင်ပို့မှုကို ပြန်လည်ခွင့်ပြုလိုက်သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်အပေါ် သိသာသောရိုက်ခတ်မှုများရှိလာနိုင်ရာ မြန်မာနိုင်ငံအနေဖြင့်လည်းဆန်တင်ပို့မှုနှင့်ပတ်သက်၍ လိုအပ်မည့် ပြင်ဆင်ဆောင်ရွက်မှုများ ပြုနိုင်ရန် အသိပေးတင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, India lifts ban on exports of white rice with $490/tonne floor price, September 28, 2024

# အင်ဒိုနီးရှားသည် ဇီဝဒီဇယ် ၅၀ ရာခိုင်နှုန်း ထုတ်လုပ်မှုအရှိန်မြှင့်မည်ဖြစ်၍ ကမ္ဘာ့ဈေးကွက်သို့ စားအုန်းဆီကြမ်း တင်ပို့မှု လျော့ချလာနိုင်




**အင်**ဒိုနီးရှားနိုင်ငံ ရွေးကောက်ခံသမ္မတ Prabowo Subianto က အခမ်းအနားများတွင် ဇီဝဒီ ဇယ် ၅၀ ရာခိုင်နှုန်း(B50)အစီအစဉ်အကောင်အထည်ဖော်မှုကို အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားမှုများ ရှိပါသည်။ အဆိုပါအစီအစဉ်ဖြစ်ပေါ်လာပါက အင်ဒိုနီးရှား နိုင်ငံအနေဖြင့် စားအုန်းဆီကြမ်း တင်ပို့မှုကို လျှော့ချလာနိုင်ပြီး တင်ပို့ခြင်း မပြုလုပ်သည့် အခြေအနေလည်းဖြစ်လာနိုင်ကြောင်း အင်ဒိုနီးရှားဆီအုန်းအသင်းက ဖော်ပြထားသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သူ Sudaryono က "B50 အစီအစဉ်ကို ကမ္ဘာ့ ဈေးကွက်တွင် အပေးအယူညှိနှိုင်းနိုင်မှုမြှင့်တင်နိုင်ရန်နှင့် အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်ကဏ္ဍအား ကောင်းစေရန်ဟူသည့် မဟာဗျူဟာ ၂ ခုအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊အနောက်နိုင်ငံများ၏ ဆီအုန်းကဏ္ဍအပေါ် ထိခိုက်စေလိုသည့် မူဝါဒများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်မဟာဗျူဟာတစ်ခုလည်းဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီတင်ပို့မှု တိုးတက်စေရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဆီအုန်းသည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အကောင်းဆုံးပြင် ဆင်ထားသည့် ကုန်စည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဆီအုန်းထုတ်ကုန်များ ပြဿနာများနှင့် ရင်ဆိုင်ရပါက စားအုန်းဆီကြမ်း (CPO) ကို B50 သို့ ပြောင်းလဲနိုင်ကြောင်း၊ တင်ပို့ရခြင်းမရှိသည့်

စာ-၇ သို့

# ရုရှားတွင် ကော်ဖီဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်း



**လက်**ရှိတွင် ရုရှားနိုင်ငံ၌ အာရေဗီကာကော်ဖီ(Arabica)၏ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ ဝန်းကျင်သို့ ရောက်ရှိနေပြီး ၁၃ နှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ကြောင်း၊ ပြီးခဲ့သည့်ဩဂုတ်လတွင် ကော်ဖီအဓိကထုတ်လုပ်သော ဘရာဇီး၌ ရာသီဥတုဆိုးဝါးမှုကြောင့် ကော်ဖီဈေးနှုန်းသည် ၁၀ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ကြောင်း၊ အာရေးဗီကာနေရာ၌ ရိုဘတ်စတာ (Robusta)ဖြင့် အစားထိုးရန် ကြိုးပမ်းမှုကြောင့်လည်း အာရေးဗီကာ ဈေးနှုန်းကို မြင့်တက်စေကြောင်း ရုရှားလက်ဖက်ခြောက်နှင့် ကော်ဖီထုတ်လုပ်သူများအသင်း “Roschaykofe” ၏ ဥက္ကဋ္ဌ Mr. Ramaz Chanturia က ပြောကြားခဲ့သည်။

ယခုအခါ ကမ္ဘာ့ကော်ဖီဈေးနှုန်းများ ကြီးမြင့်သည့်အခြေအနေတွင် ရှိနေပြီး ကုန်ကြမ်းစရိတ် ကြီးမြင့်မှုဆီသို့ ဦးတည်နေသည့် အလားအလာမှာ ထင်ရှားနေကြောင်း၊ ယင်းကြောင့် ကော်ဖီကုန် ကြမ်းများသည် မဝေးတော့သော အနာဂတ်တွင် ဈေးနှုန်းမြင့်တက်လာမည်ဖြစ်ပြီး ကော်ဖီထုတ် ကုန်များသည် ပြီးခဲ့သည့် ၂/၃ နှစ်ထက်စာလျှင် အတော်လေးမြင့်တက်လာနိုင်သည့်အတွက် ပြင်ဆင်ထားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

စတိုးဆိုင်များရှိ ကော်ဖီဈေးနှုန်းသည် ကုန်ကြမ်းကုန်ကျစရိတ်အပြင် ငွေကြေးလဲလှယ်နှုန်း၊ စွမ်းအင်အခွန်အခနှင့် အခြားအခွန်အခများ၊ လက်လီရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ် စသည့် အကြောင်းခံများစွာပေါ်မူတည်လျက်ရှိကြောင်း၊ ကုန်ကြမ်းကုန်ကျစရိတ်များ မြင့်တက်လာလျှင် ကော်ဖီကုန်ချောထုတ်လုပ်ရန် ကုန်ကျစရိတ်လည်း မြင့်တက်လာလိမ့်မည်ဖြစ်ပြီး စားသုံးသူများအတွက် နောက်ဆုံးဈေးနှုန်းလည်း မြင့်တက်လာမည်ဖြစ်ကြောင်း Mr. Ramaz Chanturia က မှတ်ချက်ပြုသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီပမာဏတန်ချိန် ၁၀၁,၈၂၄ တင်သွင်းခဲ့ပြီး အဓိကတင်သွင်းသောနိုင်ငံများမှ ဘရာဇီး၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ အီတလီနှင့် အက်စ်တိုးနီးယားစသည့် နိုင်ငံများဖြစ်ပါသည်။ ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့် နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့နိုင်မည့်အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်ရပါသည်။

**ခွန်မျိုးသူ**

https://ria.ru/20240917/kofe-1973085597.html

■

---

စာ-၆ မှ

စားအုန်းဆီများကို အသုံးပြုခြင်းဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင် အပေးအယူညှိနှိုင်းနိုင်မှုကို အားကောင်းစေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း” ပြောကြားခဲ့သည်။

“အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုပြုသည့် အကြီးဆုံးနိုင်ငံဖြစ်ကြောင်း၊ သို့ရာတွင် ဆီအုန်းကဏ္ဍရှိ ပါဝင်ပတ်သက်သူများ၊ ကုမ္ပဏီများ၊ လုပ်ငန်းငယ်များမှာ ၎င်းတို့၏ ထုတ်ကုန်များ တင်ပို့နိုင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်မှုများရှိနိုင်ကြောင်း၊ စားအုန်းဆီတင်ပို့မှုကို နှောင့်နှေးစေရန် ပြုလုပ်သည့်နိုင်ငံရှိပါက စားအုန်းဆီအစား B50 အဖြစ်ပြောင်းလဲ ထုတ်လုပ်နိုင်ကြောင်း၊ အင်ဒိုနီးရှားစားအုန်းဆီကို ပြည်ပမှ မဝယ်ပါက စွမ်းအင်အဖြစ်သို့ပြောင်းလဲနိုင်ကြောင်း၊ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် အစားအစာနှင့် စွမ်းအင်တွင် ထိန်းချုပ်နိုင်သည့် အားသာချက် ရှိကြောင်း၊ B50 အစီအစဉ်အကောင်အထည်ဖော်မှုအပြင် ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းကို ထိန်းချုပ်နိုင်ကြောင်း” Sudaryono က ပြောကြားခဲ့ပါ သည်။

“အင်ဒိုနီးရှားနိုင်ငံက ဆောင်ရွက်နေသည့် မဟာဗျူဟာမှာ ဘရာဇီးနိုင်ငံက ကြံနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့သည့်နည်းလမ်းနှင့်တူကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာန အနေဖြင့် စားအုန်းဆီမှ ဇီဝဒီဇယ်ထုတ်လုပ်မှုကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိထုတ်လုပ် လျက်ရှိသည့် B35 မှ B40၊ B50 ထုတ်လုပ်နိုင်ရေး ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာရှိထားပြီးဖြစ်သည့်အတွက် B100 အဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း” ၎င်းက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုပြုလုပ်နေသည့် အကြီးဆုံး နိုင်ငံဖြစ်ရာ တင်ပို့မှုလျှော့ချခြင်း၊ ရပ်ဆိုင်းခြင်းများပြုလုပ်လာပါကကမ္ဘာ့ဈေးကွက်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊စားအုန်းဆီတင် သွင်း၊ တင်ပို့မှုများတွင် ချိန်ညှိဆောင်ရွက်နိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။

**သွယ်သွယ်ဆုတင်**

Indonesian Palm Oil Association

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံး တွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်းလယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့




# ၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဂုဏ်ပြုဆောင်းပါး

ထွန်းသက်ပိုင်

ကမ္ဘာ့ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို စတင် တည်ထောင်ခဲ့သည့် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ထိုနေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) အဖြစ် သတ်မှတ်ကာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေး အဖွဲ့ဝင်နိုင်ငံအသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလေ့ရှိရာ မြန်မာနိုင်ငံအနေနဲ့လည်းကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို နှစ်စဉ် အလေးထား ကျင်းပပေးလျက်ရှိပါသည်။

ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သည့် ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး" "Right to Foods for a Better Life and a Better Future" ဖြစ်ပါသည်။ စားဝတ်နေရေးသည် လူသားတိုင်းရဲ့ အခြေခံလိုအပ်ချက်များ ဖြစ်သကဲ့သို့ စားရေ ရိက္ခာသည်လည်း အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ လူသားတိုင်း ကျန်းမာရေးနှင့် ပြည့်စုံရန် အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများရရှိရန် လိုအပ် သော်လည်း ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ၇၃၃ သန်းခန့်မှာ ငတ်မွတ်ခေါင်းပါးမှု ကြုံတွေ့နေရပြီး၊ လူဦးရေ ၂ ဒသမ ၈ ဘီလီယံခန့်မှာ အာဟာရမျှတသည့် အစားအစာများ မရရှိမှုကြောင့် အထူးသဖြင့် အမျိုးသမီးနှင့် ကလေးငယ်ပေါင်း ၁ ဒသမ၆ ဘီလီယံခန့်မှာ အာဟာရဓာတ်ချို့တဲ့မှုကို ခံစားနေကြရပါသည်။ ၅ နှစ်အောက် ကလေးငယ် ၂ ဒသမ ၃ ရာခိုင်နှုန်းမှာလည်း ခန္ဓာကိုယ် ကြီးထွားမှုနှုန်း နှေးကွေးခြင်းနှင့် ၆ ဒသမ ၈ ရာခိုင်နှုန်းမှာ ခန္ဓာကိုယ် သေးငယ်ပိန်လှီခြင်းတို့ကို ခံစားနေရပါသည်။ နိုင်ငံအချင်းချင်း ပဋိပက္ခများ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေးကျဆင်းမှုများကြောင့် ကမ္ဘာအဝှမ်း စားရေရိက္ခာ လုံလောက်မှုမရှိခြင်းကို ပိုမိုဆိုးရွားလာစေပါသည်။

ကမ္ဘာနှင့်အဝှမ်း ရာသီဥတုပြောင်းလဲမှုကြောင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ၌ သီးနှံများ၏ အထွက်နှုန်းနှင့် ထုတ်လုပ်မှုစွမ်းအားများအပေါ် ထိခိုက်လျက်ရှိပါသည်။ သီးနှံများ ရောဂါပိုးမွှားကျရောက်ခြင်း၊ ပါဝင်သည့် အာဟာရဓါတ်များပြောင်းလဲခြင်းကြောင့် အရည် အသွေးကျဆင်းခြင်းတို့ကိုလည်း ကြုံတွေ့နေရပါသည်။ ထို့အပြင် လူဦးရေသန်း ၆၀၀ ခန့်မှာ အစားအစာများတွင် ပါဝင်လာသည့် ဘက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ကပ်ပါး၊ အဆိပ်အတောက် များနှင့် ဓါတုပစ္စည်းများကြောင့် ဖြစ်ပွားသည့် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရ လျက်ရှိပြီး နှစ်စဉ်လူပေါင်း ၄ ဒသမ ၂ သိန်းကျော်သေဆုံးလျက်ရှိသည်ဟု ဆိုပါသည်။ သို့ဖြစ်ရာ ယေဘုယျအားဖြင့် ကမ္ဘာ့လူဦးရေ ထက်ဝက်သည် ရှင်သန်တက်ကြွသည့်ဘဝ ရရှိရေးအတွက် လိုအပ်သော ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသည့် အစားအစာ မရရှိနိုင်သော အခြေအနေဟု ဆိုရမည်ဖြစ်သည်။ စားရေရိက္ခာလုံလောက်မှု မရှိခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သော ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါဘယထူပြောခြင်းတို့ကို ကြုံတွေ့နိုင်သဖြင့် နိုင်ငံတိုင်းမှ အရေးယူဖြေရှင်းရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည်လည်း အခြားနိုင်ငံများနည်းတူ သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများ ကျရောက်ခြင်းတို့ကြောင့် သီးနှံများပျက်စီးခြင်း၊ ထုတ်လုပ်မှု လျော့နည်းခြင်းတို့ကို ကြုံတွေ့နေရပါသည်။ သစ်တောများပြုန်းတီး ခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ စိုက်ပျိုးမြေများ၏ မြေဆီဩဇာနှင့် အာဟာရဓါတ်များ လျော့နည်းလာခြင်း၊ သွင်းအားစုများ အလုံအလောက် အသုံးမပြုနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ လုံလောက်မှုမရှိခြင်း၊ ရိတ်သိမ်းပြီးသီးနှံများ သိုလှောင်ရန် အခြေခံအဆောက်အအုံများ မလုံလောက်ခြင်း၊ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းအစရှိသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန် လိုအပ်လျက်ရှိပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရန် ရေရှည်တည်တံ့သော စိုက်ပျိုးရေး နည်းစနစ်များကို လက်ခံကျင့်သုံးသွားရမည် ဖြစ်ပါသည်။ ၎င်းအပြင် စိုက်ပျိုးရေးနှင့် မွေးမြူ ရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ပိုးမွှားရောဂါ ကျရောက်ပါက စီးပွားရေးအရ ထိခိုက်မှုများကို လျော့နည်းသက်သာစေနိုင်သည့်အတွက် အမယ်စုံသီးနှံ များကို စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ခြင်းကိုလည်း အားပေးလျက်ရှိပါသည်။ ၎င်းအပြင် လုပ်ကွက်ငယ်တောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်သူ များအနေဖြင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရန် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည် အသွေးပြည့်မီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ အသုံးပြုရေးကို အားပေးဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အစားအစာများကို လုံလောက်စွာရရှိရေးအတွက် ထုတ်လုပ်မှုပမာဏတိုးမြှင့်သည့် နည်းလမ်းတစ်ခုတည်း ဆောင်ရွက်ခြင်းသည် မှန်ကန်သောအဖြေမဟုတ်ပါ။ အာဟာရ ပြည့်ဝ ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာကို သင့်လျော်သည့်ဈေးနှုန်းဖြင့် နေရာတိုင်းရှိ လူတိုင်းက ရယူစားသုံးနိုင်ရန် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်သူ အသီးသီးက ပူးပေါင်းပါဝင်သည့် ထုတ်လုပ်မှုစနစ်ကို ဖော်ဆောင်ခြင်းသည်သာ ပြည့်စုံမှန်ကန်သော အဖြေ ဖြစ်ပါသည်။

ထို့ကြောင့် စားရေရိက္ခာဖူလုံမှုအတွက် ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲ ပြဿနာများကို ဖြေရှင်းရန် နိုင်ငံအစိုးရများက သင့်လျော်မှန်ကန်သည့် မူဝါဒများ ချမှတ်ရန်၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများကလည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ ညွှန်ကြားချက်များနှင့်အညီ လိုက်နာရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်

စာ-၉ သို့

# အပူလှိုင်းအခြေအနေကြောင့် တောင်ကိုရီးယားတွင် မုန်ညှင်းဖြူထုပ် ဈေးနှုန်းများ ၇၀ ရာနှုန်းမြင့်တက်

**တောင်**ကိုရီးယားနိုင်ငံသည် လက်ရှိဖြစ်ပေါ်နေသော အပူလှိုင်း အခြေအနေများကြောင့် ဟင်းသီး ဟင်းရွက်ဈေးနှုန်းများ မြင့်တက်မှု ကိုရင်ဆိုင်နေရပြီး ယခင်နှစ်နှင့် နှိုင်း ယှဉ်လျှင် မုန်ညှင်းဖြူထုတ်ဈေးနှုန်း များ ၇၀ ရာနှုန်းနီးပါး မြင့်တက်လာ ခဲ့ပါသည်။ ကင်ချီပြုလုပ်ရာတွင် မရှိ မဖြစ် လိုအပ်သော မုန်ညှင်းဖြူတစ် ထုပ်၏ လက်လီဈေးနှုန်းသည် ကြာ သပတေးနေ့တွင် ၉၃၃၇ ဝမ် (ဒေါ် လာ-၇ ဒသမ ၀၂)ရှိကြောင်း ကိုရီး ယား လယ်ယာ၊ သားငါးနှင့် အစား အစာကုန်သွယ်မှုမှတ်တမ်းအရ သိရှိ ရပါ သည်။ အဆိုပါဈေးနှုန်းသည် လွန်ခဲ့သော ၃ နှစ် ပျမ်းမျှဈေးနှုန်း ထက် ၃၂ ဒသမ ၇ ရာနှုန်းနှင့် ယခင် နှစ် ကာလတူဈေးနှုန်းနှင့် နှိုင်းယှဉ် လျှင် ၆၉ ဒသမ ၅ ရာနှုန်းမြင့်တက် လာကြောင်း တွေ့ရှိရပါသည်။

ကိုရီးယားနိုင်ငံ၏ ပူပြင်းခြောက် သွေ့သော ရာသီကာလ ကြာမြင့် သည့် အခြေအနေများသည် အရည် အသွေးကောင်းသော ဟင်းသီးဟင်း ရွက်များကိုရှားပါးစေပြီး စိုက်ပျိုးရေး ထွက်ကုန်များ ၏ ပျမ်းမျှဈေးနှုန်းကို မြင့်တက်လာစေပါသည်။ ယခုဖြစ် ပေါ်နေသောအခြေအနေကို အပူနှင့် ငွေကြေး ဖောင်းပွမှုကြောင့် ဖြစ် သောအကျိုးသက်ရောက်မှုဟု သတ် မှတ်ကြသည်။

လယ်ယာထွက်ကုန်နှင့် ရေထွက် ပစ္စည်းများအတွက် အစိုးရ၏ ဈေး လျှော့ပေးသည့် အစီအစဉ်ပြီးဆုံး သည့် ချူဆော့ပိတ်ရက်နောက်ပိုင်း တွင် မုန်ညှင်းဖြူထုပ်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်သည်။ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁၈ ရက်နေ့ အရောင်းမြှင့်တင်ရေးကာလအတွင်း ဝယ်လိုအား မြင့်တက်မှုကြောင့် စက် တင်ဘာ ၆ ရက်နေ့တွင် မုန်ညှင်းဖြူ တစ်ထုပ်လျှင် ၇၀၀၀ ဝမ် ဖြစ်ပြီး၊ စက်တင်ဘာ ၁၃ ရက်နေ့တွင် ၈၀၀၀ ဝမ်အထိ မြင့်တက်လာခဲ့ သည်။

အခြားဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းများလည်း မြင့်တက်လျက် ရှိပါသည်။ ကြာသပတေးနေ့တွင် မုန်လာဥနီဈေးနှုန်းများသည် ယခင် နှစ်ထက် ၆၅ ဒသမ ၄ ရာနှုန်းမြင့် တက်ခဲ့ကြောင်း၊ မုန်လာဥနီတစ်ဥ လျှင် ၃၈၂၆ ဝမ်ရှိကြောင်းသိရှိရ ပါသည်။ အေးမြသော ရာသီဥတုကို ကြိုက်နှစ်သော ဟင်းနုနွယ်ရွက်

ပြီး ယခင်နှစ်ထက် ၁၇ ဒသမ ၁ ရာနှုန်းမြင့်တက်လာကြောင်း သိရှိရ ပါသည်။ ချွန်းယန်း ငရုတ်သီး ၁၀၀ ဂရမ်လျှင် ၁၈၂၉ ဝမ်ဖြင့်ရောင်းချ လျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၈




၁၀၀ ဂရမ်၏ လက်လီဈေးနှုန်းမှာ ၃၇၂၈ ဝမ်ဖြစ်ပြီး ယခင်နှစ်ထက် ၄၈ ဒသမ ၅ ရာနှုန်း မြင့်တက်ခဲ့ ပါသည်။ ဆလပ်ရွက်(အနီ)နှင့် သခွားသီး ဈေး နှုန်းများလည်းမြင့်တက်ခဲ့ရာ ဆလပ် ရွက် (အနီ) ၁၀၀ ဂရမ်လျှင် ၂၁၂၂ ဝမ် ဖြစ်ပြီး ယခင်နှစ်ထက် ၂၂ ဒသမ ၆ ရာနှုန်းမြင့်တက်ခဲ့ကြောင်း၊ သခွား သီး ၁၀ လုံး လျှင် ၁၃,၅၄၀ ဝမ်ဖြစ် ဒသမ ၈ ရာနှုန်း မြင့်တက်လာ ကြောင်းသိရှိရပါသည်။

**လင်းလဲ့ရည်အောင်**

Source https://www.freshplaza.com/asia/article/9660876/cabbage-prices-in-south-korea-surge-70-percent-amid-heat-wave/

---

စာ-၈ မှ

မည် ဖြစ်ပါသည်။ အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစား အစာများကို လူသားတိုင်း လက်လှမ်းမီ စားသုံးနိုင်ရန်အတွက် နိုင်ငံတကာ အစိုးရများ၊ အဖွဲ့အစည်းများနှင့် လူမှုအသိုင်း အဝိုင်းတို့ ပူးပေါင်းဆောင်ရွက် ကြရန် မဖြစ်မနေလိုအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝ ပြောရေး၊ စားရေ ရိက္ခာပေါများရေးစသည့် အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ် ကို ချမှတ်ပေးထားသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍရဲ့ ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများအတွက် အာဟာရ ပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားရေရိက္ခာများထုတ် လုပ်နိုင်ရန် လယ်ယာ ကဏ္ဍဆိုင်ရာ မူဝါဒများ၊ စိုက်ပျိုးရေးဆိုင်ရာ မဟာ ဗျူဟာ၊ နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တွင် စိုက်ပျိုးရေး ကဏ္ဍမှ ၂၃ ဒသမ ၆ ရာခိုင်နှုန်း ပါဝင်ခဲ့ရာ လယ်ယာ ၁၅ ဒသမ ၁ ရာခိုင်နှုန်း၊ သားငါး ၈ ဒသမ ၄ ရာခိုင်နှုန်း နှင့် သစ်တော ၀ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် စပါးသီးနှံ စိုက်ဧရိယာ ဟက်တာ ၇ ဒသမ ၁၈ သန်းကျော်နှင့် အထွက်မက်ထရစ်တန် ၂၉ ဒသမ ၉၄ သန်းကျော် ဆီထွက်သီးနှံများ (မြေပဲ၊ နှမ်း၊ နေကြာ) စိုက်ဧရိယာဟက်တာ ၃ ဒသမ ၃၄ သန်းကျော်၊ အထွက် မက်ထရစ်တန် ၃ ဒသမ ၂၃ သန်းကျော်နှင့် ပဲ မျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ) သီးနှံ စိုက် ဧရိယာဟက်တာ ၂ ဒသမ ၇၆ သန်းကျော်၊ အထွက်မက်ထရစ်တန် ၄ ဒသမ ၁၃ သန်းကျော် အသီးသီး စိုက်ပျိုးထုတ်လုပ်နိုင် ခဲ့ပါသည်။ မြန်မာနိုင်ငံလူဦးရေမှာ ၂၀၂၄ ခုနှစ်တွင် ၅၄ ဒသမ ၅ သန်းခန့်ရှိပြီး စားရေရိက္ခာဖူလုံမှု အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆန်ဖူလုံမှု ၁၅၆ ဒသမ ၃၇ ရာနှုန်း၊ စားသုံးဆီဖူလုံမှု ၁၁၁ ဒသမ ၅၄ ရာနှုန်း နှင့် ပဲဖူလုံမှု ၅၈၉ ရာနှုန်း ရရှိခဲ့ပါသည်။

မွေးမြူရေးကဏ္ဍအနေဖြင့်လည်း ပြည်တွင်းစားရေရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေရန် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အသားမက်ထရစ်တန် ၁ ဒသမ ၂၄ သန်း၊ နို့မက်ထရစ်တန် ၂ ဒသမ ၁၉ သန်းနှင့် ဥအလုံးရေ ၄,၀၁၂ ဒသမ ၄၆၉ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ငါး/ ပုစွန် ထုတ်လုပ်မှုအနေဖြင့် ရေချိုငါးထုတ်လုပ်မှု ၁၀၃၇ ဒသမ ၇၉ ပိဿာ သန်းပေါင်း၊ ရေငန်ငါး/ ပုစွန် ထုတ်လုပ်မှု ၂၀၉၀ ဒသမ ၉၆ ပိဿာသန်း ပေါင်း၊ မွေးမြူရေး ငါး/ ပုစွန် ၇၄၁ ဒသမ ၆၃ ပိဿာသန်း ပေါင်း ရှိပြီး စုစုပေါင်း ၃၈၇၀ ဒသမ ၃၉ ပိဿာသန်း ထုတ်လုပ်နိုင်ခဲ့သည့်အပြင် ငါး သယံဇာတ မပြုန်းတီးစေရေးအတွက် မြစ်ကြီးများ၊ သဘာဝမြစ်ချောင်းများ အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်လျက်ရှိ ရာ ၂၀၂၃- ၂၀၂၄ ခုနှစ်တွင် ငါး/ပုစွန်သား ပေါက်ကောင်ရေ ၅၅၁ ဒသမ ၁၁၄ သိန်းအား မျိုးစိုက်ထည့်နိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ၂၈၆ ဒသမ ၁ ဘီလီယံဖြင့် မိုးစပါး၊ နွေစပါး၊ ဆီ ထွက်သီးနှံများ စိုက်ပျိုးခြင်း အစီအစဉ်များ ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ၃၂ ဘီလီယံဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အသားတိုးကြက်၊ ဥစားဘဲနှင့် အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက် လျက်ရှိပါသည်။ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကိုလည်း နိုင်ငံ့စီးပွားမြှင့် တင်ရေးရန်ပုံငွေ သုညဒသမ ၆၀၄ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ စီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ခြင်းနှင့် တောင် သူ တစ်ဦးချင်းဝင်ငွေတိုးတက်စေခြင်းအကျိုးကျေးဇူးများကို ရရှိစေပါ သည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ "ပိုမိုကောင်းမွန်သည့် ဘဝ နှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်း ပေး" ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ ပြည်သူပြည်သားများ အာဟာရပြည့်ဝ သည့် စားရေရိက္ခာများ လက်လှမ်းမီ ရရှိရေးအတွက် ကဏ္ဍအသီးသီး၌ ပါဝင် ဆောင်ရွက်နေသူများဖြစ်သော ပုဂ္ဂလိကအဖွဲ့အစည်းများ၊ တောင်သူ လယ် သမားများနှင့် ကျေးလက်နေပြည်သူများ အတူတကွ လက်တွဲ ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုရေးသား လိုက်ရပါသည်။

ထွန်းသက်ပိုင်

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း–၁၄)

အမေရိကန်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ

## ကော်နယ်တက္ကသိုလ်

ဒေါက်တာမျိုးကြွယ်

(ယခင်အပတ်မှအဆက်)

**(၁၃-က) ကော်နယ်တက္ကသိုလ် (Cornell University, US)**

ကျွန်တော်တို့အဖွဲ့သည် ၂၀၁၉-ခုနှစ်က အမေရိကန်ပြည် လေ့လာရေးခရီးစဉ်၌ အမေရိကန်နိုင်ငံရှိ ကော်နယ်တက္ကသိုလ်(Cornell University)၊ အင်ဒီယားနားတက္ကသိုလ် (Indiana University)နှင့် ပါဒူးတက္ကသိုလ် (Purdue University) များကို လေ့လာရေး သွားရောက်ခဲ့ရပါသည်။

ကော်နယ်တက္ကသိုလ် (Cornell University) သည် ၂၀၂၄-စိုက်ပျိုးမွေးမြူရေးဆိုင်ရာကမ္ဘာ့အကောင်းဆုံးတက္ကသိုလ် နံပါတ်-၃ ဖြစ်ပါသည်။



ကော်နယ်တက္ကသိုလ်မြင်ကွင်း

နယူးယောက်မြို့ဟုပြောသော်လည်း မိုင် ၂၀၀-ကျော်ဝေးသော အစ်သာကာမြို့ (Ithaca) တွင်ရှိ၍ မြို့လယ်ခေါင်မှ ၄-နာရီခန့် ကားစီးရပါသည်။ ကော်နယ်တက္ကသိုလ် တွင် တာဝန်ထမ်းဆောင်နေသောရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(၁၉၉၄-ဘွဲ့ရ) ဒေါက်တာ ခင်မာချိုမှ ဦးဆောင်ခေါ်ယူသွားခြင်းဖြစ်ပါသည်။

ဤတက္ကသိုလ်ကို ၁၈၆၅-ခုနှစ်မှာ အီဇရာကော်နယ် (Ezra Cornell) နှင့် အင်ဒရူး ဒစ်ဆင်ဝှိုက် (Andrew Dickson White) တို့က စတင်ထူထောင်ခဲ့ပါသည်။ ပုဂ္ဂလိက နှစ်ဦးက စတင်ထူထောင်ခဲ့သော်လည်း ယခုတွင်တော့ အများပြည်သူ အတွက် အမေရိကန်နိုင်ငံ အစိုးရမှ ပံ့ပိုးကူညီသော တက္ကသိုလ် (Public University) တစ်ခုပါ။

ဤတက္ကသိုလ်က နယူးယောက်ပြည်နယ် (New York State)၏ မြေငှားအသုံးပြုနိုင်သော တက္ကသိုလ် (Land Grant University) ဖြစ်ပါသည်။ တက္ကသိုလ်ပိုင်မြေဧက ၄၈၀၀ ကျော်မှ အများစုကို မြေအငှားချထား၍ တက္ကသိုလ်ဝင်ငွေများစွာ ရရှိနေပါသည်။ (မြန်မာနိုင်ငံအတွက် အားကျ အတုယူစရာပါ၊ ဤစနစ်သည် တက္ကသိုလ် များရန်ပုံငွေ ရရှိရေးအတွက် နိုင်ငံတော်အစိုးရအသီးသီးက ဆောင်ရွက်ပေးနေသော စနစ်တစ်ခု ဖြစ်ပါသည်)

ကောလိပ်နှင့်အဆင့်မြင့်ပညာကျောင်း(Colleges and Schools)ပေါင်း ၁၆ကျောင်း ရှိရာတွင် ဘွဲ့ကြိုသင်တန်း ၉-ခုနှင့် ဘွဲ့လွန် သင်တန်း ၄-ခု မှာ အစ်သာကာမြို့တွင်ရှိပြီး ဆေး ပညာဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်း ၂-ခုမှာ နယူးယောက်မြို့ထဲနှင့် ကာတာနိုင်ငံ၊ ဒိုဟာမြို့ (Doha, Qatar) တွင် နယ်မြေခွဲ (One campus) တစ်ခုရှိပါသည်။ စိုက်ပျိုး ရေးနှင့်မွေးမြူရေးဘာသာရပ်များနှင့် ဆိုင်သောကောလိပ်မှာ စိုက်ပျိုးမွေးမြူရေး နှင့် သက်ရှိ သိပ္ပံများ ကောလိပ် (Colleges of Agriculture and Life Sciences) ဖြစ်ပါသည်။ ဤကောလိပ်၏ကြီးကြပ်မှုအောက်တွင် ဌာန (Department) ၁၆-ခု၊ အဆင့်မြင့်ကျောင်း (School) ၂-ကျောင်း ရှိပြီး ဤကောလိပ်တစ်ခုတည်းမှပင် ဘွဲ့ဒီဂရီ အမျိုးအစားပေါင်း ၂၀-ကျော် ချီးမြှင့်ပေးအပ်ပါသည်။

ဌာနများမှာ -

(၁) မွေးမြူရေးသိပ္ပံဌာန (Department of Animal Science)

(၂) ဇီဝနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အင်ဂျင်နီယာပညာဌာန (Department of Biological and Environmental Engineering)(မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေး သော ဘာသာရပ်ဖြစ်ပါသည်)

(၃) တွက်ချက်မှုဆိုင်ရာ ဇီဝဗေဒဌာန (Department of Computational Biology)(မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၄) ဆက်သွယ်ရေးပညာဌာန (Department of Communication) (မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၅) မြေထု၊ လေထု သိပ္ပံပညာဌာန (Department of Earth and Atmospheric Sciences)(မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၆) ဂေဟဗေဒ နှင့်ဆင့်ကဲဖြစ်စဉ်နှင့်ဆိုင်သော ဇီဝဗေဒဌာန (Department of Ecology and Evolutional Biology) (မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ် ပါသည်)

(၇) ကီမိလဗေဒဌာန (Department of Entomology)

(၈) အစားအသောက်သိပ္ပံဌာန (Department of Food Science)

(၉)အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန(Department of Global Development)(မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၁၀)မြေယာအလှပြုပြင်မှုဌာန (Department of Landscape Architecture) (မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၁၁) အဏုဇီဝဗေဒဌာန (Department of Microbiology)

(၁၂)မော်လီကျူးဆိုင်ရာဇီဝဗေဒနှင့်ဗီဇဗေဒဌာန (Department of Molecular Biology and Genetics)(မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၁၃) သဘာဝအရင်းအမြစ်နှင့်ပတ်ဝန်းကျင်ပညာဌာန (Department of Natural Resources and the Environment)(မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၁၄) အာရုံကြောဆိုင်ရာဇီဝဗေဒနှင့် အမူအကျင့်ဆိုင်ရာသိပ္ပံပညာ (Department of Neurobiology and Behavior)(မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၁၅) အာဟာရဆိုင်ရာ သိပ္ပံပညာဌာန (Department of Nutritional Science) (မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ်ပါသည်)

(၁၆)စာရင်းအင်းပညာနှင့် အချက်အလက်သိပ္ပံဌာန (Department of Statistics and Data Science)(မြန်မာနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်တွင် မရှိသေးသော ဘာသာရပ်ဖြစ် ပါသည်)

စသည်တို့ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဘာသာရပ်အများစုနှင့်သက်ဆိုင်သည်မှာစုပေါင်း အပင်သိပ္ပံပညာအဆင့်မြင့်ကျောင်း (School of Integrative Plant Sciences) တွင် ရှိပါသည်။

ဌာနစိတ်များ အနေနှင့်

(က) ဥယျာဉ်ခြံသီးနှံဌာနစိတ် (Horticulture Section)

(ခ) အပင်ဇီဝဗေဒ ဌာနစိတ် (Plant Biology Section)

(ဂ) အပင်မျိုးမွေးမြူရေးနှင့်ဗီဇဗေဒဌာနစိတ် (Plant Breeding and Genetics Section)

စာ-၁၁ သို့

စာ-၁၀ မှ

(ဃ) အပင်ရောဂါဗေဒနှင့် အဏုဇီဝဗေဒဌာနစိတ် (Plant Pathology and Molecular Biology Section)

(င) မြေဆီလွှာနှင့် သီးနှံသိပ္ပံများဌာနစိတ် (Soil and Plant Science Section) စသည်တို့ဖြစ်ပါသည်။

စိုက်ပျိုးစီးပွားရေးပညာ (Agricultural Economics)က အသုံးချဘောဂဗေဒ (Applied Economics) ပါရှိသော ဂျွန်ဆွန်၏ စီးပွားရေးပညာကောလိပ် (Cornell SC Johnson College of Business)၏ ကြီးကြပ်မှုအောက်တွင်ရှိပါသည်။ ဤကောလိပ်တွင် ကမ္ဘာကျော် ပီတာနှင့်စတက်ဖီနိုလန် ဟိုတယ် စီမံခန့်ခွဲမှု အဆင့်မြင့်သင်တန်းကျောင်း (Peter and Stephanie Nolan Scholl of Hotel Administration) ချားလ်ဒိုင်ဆွန် အသုံးချစီးပွါးရေးနှင့်စီမံခန့်ခွဲမှု အဆင့်မြင့်သင်တန်းကျောင်း (Charles H. Dyson School of Applied Economics and management) နှင့် ဆင်မြူရယ်ကားတစ်ဂျွန်ဆင် စီမံခန့်ခွဲမှု ဘွဲ့လွန် အဆင့်မြင့် သင်တန်းကျောင်း (Samuel Curtis Johnson Graduate School of Management) တို့ ရှိပါသည်။

ဒေါက်တာခင်မာချို၏ ပြောကြားချက်အရ အမေရိကန်နိုင်ငံရှိ ပြည်နယ် တိုင်း မြေအငှား ချထားပေးသော တက္ကသိုလ် (Land Grant University) ဥပဒေအရ ပြည်နယ် တစ်ခုတွင် တက္ကသိုလ် တစ်ခုစီပဲရှိပြီး ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူ ကုသရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် အာဟာရဓာတ်ဖြည့်တင်းရေးပညာ (Nutrition)၊ သက်ရှိ သိပ္ပံပညာ (Life Sciences) တို့ကို ပြည်နယ်အတွင်း အကောင်းဆုံးသင်ပေးပါသည်။ ဤဘာသာရပ်များကို မိမိပြည်နယ်အတွင်းရှိ ကျောင်းသား/ကျောင်းသူများကို ဦးစားပေး သင်ပေးနေသော တက္ကသိုလ်များဖြစ်ပါသည်။ ဥပမာ နယူးယောက်ပြည်နယ်မှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၀၀ - ကျော် ရှိသော်လည်း ကော်နယ်သာလျှင် မြေအငှားချထားပေး သော တက္ကသိုလ် (Land Grant University) ဖြစ်ပါသည်။ မစ်ရှိကန်ပြည်နယ်တွင် မစ်ရှိကန်ပြည်နယ်တက္ကသိုလ် (Michigan State University - MSU) တစ်ကျောင်း တည်းသာလျှင် မြေအငှားချထားပေးသော တက္ကသိုလ် (Land Grant University) ဖြစ်ပါ သည်။ (အမေရိကန်နိုင်ငံတစ်ခုလုံး ပြည်နယ်ပေါင်း ၅၁-ခုရှိပါသည်။)

ဒါကြောင့်မို့ ဖိလစ်ပိုင်နိုင်ငံနှင့်ထိုင်းနိုင်ငံရှိ ကော်နယ်တက္ကသိုလ် ဘွဲ့ရကျောင်းသား ဟောင်းတို့က မိမိနိုင်ငံတွင် ကော်နယ်စတိုင် ကျောင်းများထူထောင်ကြရာ ဖိလစ်ပိုင် တက္ကသိုလ်၊ လော့ဘားညို့စ် (ယူပီလယ်ဘီ) (University of Philippines, Los Banos - UPLB)နှင့်ထိုင်းနိုင်ငံ ဘန်ကောက်ရှိ ကက်ဆားဆတ်တက္ကသိုလ်(Katsetsart University, Bangkok,Thailand-KU)များတို့သည် ကော်နယ်စတိုင်ဖြင့် မိမိနိုင်ငံအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် တိရိစ္ဆာန်ကုသရေး ပညာရှင်များ မွေးထုတ်ပေးနေပါသည်။ အမေရိကန် စတိုင်၊ ကော်နယ်စတိုင်ဆိုတာက သင်ကြားရေး (Teaching or Education)၊ သုတေသန (Research)၊ တောင်သူပညာပေးရေး (Extension/ Services for Farmers) အတွက် တက္ကသိုလ်တွေက ပြည်နယ်တိုင်းရှိ တောင်သူလယ်သမား၊ မွေးမြူရေးသမားတွေနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြဿနာ (Problems) ပေါင်းစုံ၊ အခက်အခဲပေါင်းစုံ(Constraints) ၊ မျိုးကောင်း၊ မျိုးသန့်၊ မျိုးသစ် (New Cultivars) နှင့် နည်းပညာအသစ် (New Technology) မျိုးစုံတို့ကို အမေရိကန် လယ်ယာစိုက်ပျိုးရေးဌာန (USDA – United State Department of Agriculture) နှင့်ပူးတွဲအဖြေရှာဖော်ထုတ်ပေးနေ ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများ စုမှာ တောင်သူပညာပေးခြင်းကို စိုက်ပျိုးရေးဦးစီးဌာနလိုမျိုး စိုက်ပျိုးရေးဦးစီးဌာနက လုပ်နေပါသည်။ အမေရိကန် (Land Grant University)များက မိမိပြည်နယ်များရှိ တောင်သူများ၊ သူတို့၏ သားသမီးများ၏ ဖိုး-အိပ်ဂျပ်အစုအဖွဲ့ (4-H Club) လို အသင်း အဖွဲ့မျိုးက ခေါင်းဆောင်နိုင်မှုစွမ်းရည် (Leadership Skill)၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေး (Youth Development) စသည့် အစီအစဉ်များကို ကော်နယ်တက္ကသိုလ်ရှိ ပါမောက္ခများ က သင်ကြား၊ လေ့ကျင့်ပေးပြီး တက္ကသိုလ်များမှပင် တာဝန်ယူ လုပ်ဆောင်ပါသည်။

ပြည်သူတွေ၊တောင်သူလယ်သမားတွေနှင့် တိုက်ရိုက်တွေ့ဆုံဖို့အတွက် တက္ကသိုလ် ဝက်ဘ်ဆိုက် (University Website main page) ထဲမှာကိုပဲ ပြည်သူပြည်သားတွေနှင့်ထိတွေ့ဆက်ဆံမှုအခန်း၊ဌာနစိတ်(Public Relation Section)ပါရှိပါသည်။ထိုအထဲမှာ မှကော်နယ် သမဝါယမ တောင်သူပညာပေး (Cornell University Cooperative Extension)အဖွဲ့ ကတော့ နယူးယောက်ပြည်နယ်သားများအတွက် အားရစရာပါ။အမေရိကန်နိုင်ငံတွင် သမဝါယမစနစ်ကိုအောင်မြင်အောင် ကျင့်သုံးနေသောအဖွဲ့အစည်း ဖြစ်ပါသည်။

ဤအဖွဲ့မှနေ၍ သူတို့နှင့်ဆက်သွယ်ရန် ဖုန်းနံပါတ် (Contact Phone Numbers) ၊ နယူးယောက်ပြည်နယ်၊ မြို့နယ်၊ ကျေးရွာများအထိ ဒေသဆိုင်ရာ ရုံးများ၏ လိပ်စာများ (Local Office Addresses of Cornell University Cooperative Extension) ၊ ကူညီနိုင်မည့်နည်းလမ်းများ (Strategy to assist Farmers in NY State ၊ အဝေးသင် လက်မှတ်ရသင်တန်းများ (Varieties of Online Certificate Courses)၊ တောင်သူများ နှင့် တွေ့ဆုံပွဲများ (Farmer Filed Days)၊ သရုပ်ပြကွက်များ ရှင်းလင်းပြောကြားခြင်း (Explanation of Demonstration Plots) စသည်ဖြင့် စုံလင်လှပါသည်။ အိန္ဒိယနိုင်ငံ တွင်လည်း တောင်သူပညာပေးလုပ်ငန်းက စပေါင်းရုံးတစ်ရုံး (KVK)တည်းဖြစ်ပြီး တောင်သူများ အနေဖြင့် ကျွန်တော်တို့နိုင်ငံကဲ့သို့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် စသည်တို့တွင် ရုံးများစွာ သွားရောက်ရန် မလိုအပ်တော့ပါ။




ကော်နယ်တက္ကသိုလ်၏ နယူးယောက် ဆူလီဗန်ဒေသ ဂါရယ်ဂျီစကိုဒါ တောင်သူ ပညာပေးရုံး

**မြန်မာနိုင်ငံအတွက် အတုယူစရာများ (Lessons Learned)**

(၁) အမေရိကန်အစိုးရက စိုက်ပျိုး၊ မွေးမြူရေးပညာများကို နိုင်ငံ၏ ပထမဦးစားပေး အဆင့်များတွင်ထည့်သွင်းထားသဖြင့် ပြည်နယ်နှင့်တိုင်းရှိ အစိုးရ၊ ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်များရှိ စိုက်ပျိုး၊ မွေးမြူရေးပညာများ သင်ကြားရေးကိုဦးစားပေးပေးပါသည်၊ မြေအငှားချထားမှုစနစ် (University Land-Grant System)ကိုလည်း လိုအပ်လျှင် ပြည်နယ်/ တိုင်းဒေသကြီး အလိုက် တက္ကသိုလ် တစ်ခုစီ ဦးစားပေး ဆောင်ရွက်သင့်ပါသည်၊

(၂) နေရာတိုင်း စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များလာပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဒေသကြီးရှိ စိုက်ပျိုး၊ မွေးမြူရေး၊ ဆည်မြောင်း၊ စက်မှုလယ်ယာရုံးများနှင့် တွဲဖက် စမ်းသပ် သုတေသန စီမံကိန်းများ (Pilot Projects) ပြုလုပ်သင့်ပါသည်။

(၃) စိုက်ပျိုး၊ မွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့နှင့် ဆက်စပ် နေသော (ဥပမာ - ICT in Agriculture) ဘာသာရပ်အသစ်များ နှစ်စဉ်တီထွင်ဖန်တီး သင်ကြား၊ သုတေသနပြုရမည့် အချိန်ရောက်နေပါပြီ၊ သမားရိုးကျ ယခင် ဘာသာရပ်များ သင်ကြားနေရုံမျှနှင့် ကျေနပ်နေရမည့် (ဝါးလုံးခေါင်းထဲ လသာနေရမည့်) အချိန်မဟုတ် တော့ပါ။

နိုင်ငံတကာ အဆင့်မြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာသင်ကြားပေးနေသော တက္ကသိုလ်၊ကောလိပ်၊ကျောင်းများမှ ကျွန်တော်တို့ နိုင်ငံအတွက် အကျိုးရှိရာ အတုယူပြီး တောင်သူများ အသိဉာဏ်ဖွံ့ဖြိုးလာပြီး ဝင်ငွေတိုးတက်လာအောင် ဝိုင်းဝန်း အဖြေရှာကြပါစို့ဟူ၍ တိုက်တွန်းအပ်ပါသည်။

**ဒေါက်တာမျိုးကြွယ်**

(ဆက်လက်ဖော်ပြပါမည်)




နယူးယောက်ပြည်နယ်ဒေသ၊ ကောင်တီ (County) များရှိ ကော်နယ် တက္ကသိုလ် နှင့် ဆက်စပ်ရုံးနေရာများ

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေးတို့မှ ၁၁-၁၀-၂၀၂၄ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်

မန္တလေးဈေးကွက်တွင် ဆန်များ နယ်ဝေးတင်ပို့ရမှုမရှိဘဲ မြို့တွင်းစားသုံးမှုနှင့် မန္တလေးအနီးဝန်းကျင်မှ ဝယ်ယူမှုသာရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၃၅၀၀၀ကျပ်၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၅၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မန္တလေးဝန်းကျင်မှ ဝင်ရောက်သော မနောသုခဆန်မှာလည်း အဝင်ပုံမှန်ရှိပြီး မြို့တွင်း လူလတ်တန်းစားသုံးဆန်ဖြစ်၍ စားသုံးရန်ဝယ်ယူမှုနည်းခြင်းကြောင့် တစ်အိတ် ၉၅၀၀၀ကျပ်မှ ၉၀၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ဧယာဆန်နှင့် ငစိန်ဆန်မှာ အဝင်ပုံမှန်ရှိခြင်း၊ တောင်သူထုတ်ရောင်းမှုရှိ၍ ပင်ရင်းဈေးနိမ့်ခြင်းကြောင့် ဧယာဆန်တစ်အိတ် ၉၅၀၀၀ကျပ်မှ ၉၃၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး ငစိန်ဆန်မှာ အဝင်ပုံမှန် မြို့တွင်းလုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၇၈၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရှောမင်းဆန်မှာ အဝင်ပုံမှန် မြို့တွင်းသုံးဝယ်ယူမှုပုံမှန်ရှိပြီး နယ်ဝေးအမှာမရှိခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံနှင့် စားသုံးဆီ

မိုးမြေပဲ အသစ်များဝင်ရောက်မှုရှိခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် မြေပဲ(လုံးဆန်) ၁၀၀ပိဿာ အရည်အသွေးအကောင်းဆုံး ၈၅၀၀၀၀ကျပ်မှ ၈၃၀၀၀၀ကျပ်သို့ လည်းကောင်း၊ မြေပဲ (ဆီဆန်) မှာလည်း အသစ်ဝင်ရောက်မှုရှိခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၁၀၀ပိဿာ ၇၅၀၀၀၀ကျပ်မှ ၇၄၅၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူမှာ မိုးနှမ်းများအဝင်များခြင်း၊ တရုတ်ဝယ်လက်မရှိခြင်း၊ လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ယခင်အပတ် ၄၅ပိဿာ ၄၁၀၀၀၀ ကျပ်မှ ယခုအပတ် ၃၅၀၀၀၀ ကျပ်သို့ ဈေးသိသိသာသာနိမ့်သွားသည်။ နှမ်းညိုမှာ အသစ်ဝင်ရောက်ခြင်းကြောင့် ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၄၅ပိဿာ ယခင်အပတ် ၃၃၀၀၀၀ကျပ်မှ ၂၉၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းနက်(စမုံ)မှာ အသစ်အဝင်နည်းခြင်း၊ အရည်အသွေးကောင်းများအား လှောင်သမားဝယ်ယူမှုရှိခြင်းကြောင့် အရည်အသွေးကောင်း ၄၅ပိဿာ ၆၄၀၀၀၀ကျပ်မှ ၆၄၅၀၀၀ကျပ်၊ အရည်အသွေးညံ့များအား မြို့တွင်းလုပ်ငန်းသမား အဝယ်ရှိခြင်းကြောင့် ၅၆၀၀၀၀ကျပ်မှ ၅၉၀၀၀၀ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။ နှမ်းနီများလည်း အဝင်ရှိပြီး ၄၅ပိဿာ ၃၃၀၀၀၀ကျပ်ဈေးရှိသည်။

ပန်းနှမ်းမှာ အသစ်မဝင်သေးခြင်း၊ လက်ကျန်အဟောင်းမရှိသလောက်ရှားခြင်းကြောင့် ယခင်အပတ်များအတိုင်း ၄၅ပိဿာ ၂၅၀၀၀၀ကျပ်ခန့် ဈေးသာရှိပြီး အရောင်းအဝယ်ဖြစ်မှုမရှိပါ။

နေကြာဈေးနှုန်းမှာ ဆောင်းလက်ကျန်နည်းခြင်း၊ မိုးနေကြာဝင်ရောက်သော်လည်း ရာသီဥတုကြောင့် အရည်အသွေးညံ့ခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ၂၇ပိဿာ ၂၀၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

စားသုံးဆီဈေးနှုန်းများအနေဖြင့် မြေပဲ (လုံးဆံ) ဈေးနိမ့်သဖြင့် ပဲဆီတစ်ပိဿာ ၁၅၀၀၀ကျပ်၊ နှမ်းဆီတစ်ပိဿာ ၁၄၅၀၀ကျပ်၊ ပန်းနှမ်းဆီတစ်ပိဿာ ၁၄၀၀၀ကျပ်၊ ပဲပုတ်ဆီတစ်ပိဿာ ၁၂၀၀၀ကျပ် ဈေးအသီးသီးဖြင့် ရောင်းဝယ်နေသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက် (ရှည်)မှာ ရမည်းသင်း၊ ပျော်ဘွယ်မှ အများဆုံးဝင်ရောက်ပြီး ရာသီဥတုကြောင့် အဝင်နည်းခြင်း ယခင်အပတ်ဈေးအတိုင်း တစ်ပိဿာ ၁၄၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ငရုတ်ခြောက်(လတ်) မှာ နယ်စုံမှ အဝင်ရှိခြင်း၊ လှောင်လက်ကျန် တစ်ပိဿာ ၈၀၀၀ကျပ်၊ Air-con သီး တစ်ပိဿာ ၁၅၀၀၀ကျပ်ထိ ဈေးမြင့်သွားသည်။ ငရုတ်ခြောက်(ပွ)မှာ ဧရာဝတီတိုင်းဒေသများမှ ရိုးရိုးသဘာဝသီး တစ်ပိဿာ ၁၅၀၀၀ကျပ်၊ Air-conဖြင့်ထားသော အသီး တစ်ပိဿာ ၂၃၀၀၀ကျပ်ထိ ဈေးမြင့်နေသည်။

ကြက်သွန်နီမှာ မြစ်သား ကြက်သွန်လက်ကျန်မရှိတော့ဘဲ ထီဆောင်း၊ မုံရွာ၊ မြင်းမူ လက်ကျန်များသာရှိပြီး မြို့တွင်းဝယ်ယူမှုပုံမှန်ရှိပြီး၊ အင်းတော်၊ တန့်ယန်း၊ သီပေါ၊ ကျောက်မဲ၊ ထီးချိုင့်တို့မှ အမှာရှိသော်လည်း လမ်းပမ်းဆက်သွယ်ရေးကြောင့် မှာယူသလောက် တင်ပို့နိုင်ခြင်း မရှိကြောင်းသိရပြီး ကြက်သွန်နီ(ကြီး) တစ်ပိဿာ ၂၇၀၀ကျပ်၊ လတ် တစ်ပိဿာ ၂၅၀၀ကျပ်၊ သေး တစ်ပိဿာ ၂၂၀၀ကျပ်ဈေး မသိမသာမြင့်နေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိပြီး တစ်ပိဿာ ၁၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာလည်း အရည်အသွေး ပေါ်မူတည်၍ အနိမ့်ဆုံး တစ်ပိဿာ ၁၀၀၀၀ကျပ်မှ ၁၂၀၀၀ကျပ်ထိ ဈေးတည်ငြိမ်နေသည်။

အာလူးဈေးနှုန်းအနေဖြင့်လမ်းပမ်းဆက်သွယ်ရေးကြောင့် တရုတ်အာလူး တစ်ပိဿာ ၆၀၀၀ကျပ်ထိ ဈေးမြင့်သွားပြီး အောင်ပန်းအာလူးမှာလည်း အဝင်နည်းခြင်းကြောင့် အိုကေတစ်ပိဿာ ၅၇၀၀ကျပ်၊ အေဝမ်းတစ်ပိဿာ ၄၆၀၀ကျပ်ထိ ဈေးမြင့်နေသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်း

ငါန်းဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘိုဒေသများမှ ဝင်ရောက်သော ဂျုံများမှာ စတင် စိုက်ပျိုးရန် ပြင်ဆင်စ ကာလဖြစ်ခြင်း၊ လက်ကျန်နည်းသော်လည်း အရည်အသွေးကောင်းရှားခြင်း ကြောင့် ဂျုံစက်များ အဝယ်ပုံမှန်ရှိသော်လည်း ၃တင်းတစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၂၀၀၀၀၀ကျပ်မှ ၂၁၀၀၀၀ကျပ်ဖြင့်လည်းကောင်း၊ ရှမ်းဂျုံတစ်အိတ် ၁၈၅၀၀၀ကျပ်မှ ၁၉၅၀၀၀ကျပ် ဖြင့် ရောင်းဝယ်နေသည်။ ပြည်ပ သြစတေးလျဂျုံမှုန့် တစ်ပိဿာ ၃၇၀၀ကျပ်၊ ဂျုံဖွဲ တစ်ပိဿာ ၁၂၀၀ကျပ် ဈေးဖြင့် တည်ငြိမ်နေသည်။

အစေ့ထုတ်ပြောင်းမှာ မိုးပြောင်းဝင်ချိန်ဖြစ်သော်လည်း မိုးမိသဖြင့် အရည်အသွေးညံ့သွားခြင်း အရည်အသွေးကောင်းများအား မြဝတီမှ တိုက်ရိုက်ဆင်းဝယ်ယူသဖြင့် အစာစပ်သမားအဝယ်သာရှိခြင်း ထို့ကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၈၃၀၀၀ကျပ်မှ ၇၆၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

## ပဲမျိုးစုံ

မတ်ပဲမှာ အဟောင်းလက်ကျန်နည်းခြင်း၊ ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၈၀၀၀၀ကျပ် မှ ၃၆၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ မန္တလေးနှင့် စစ်ကိုင်းတိုင်းမြို့နယ်များမှ မိုးပဲတီစိမ်းများ ဝင်ရောက်ခြင်း၊ ပဲခွဲစက်များအဝယ်သာရှိပြီး တရုတ်ဝယ်လက်နည်းခြင်းကြောင့် အရည်အသွေးညံ့တစ်ပိဿာ ၂၀၀၀၀၀ ကျပ်၊ အရည်အသွေးကောင်း ၂၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲစဉ်းငုံ (ဖြူ/နီ) တို့မှာ ပစ္စည်းရှားခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ပဲစဉ်းငုံ(ဖြူ) ၃တင်းတစ်အိတ် ယခင်က ဈေးနှုန်းအတိုင်း ၄၁၅၀၀၀ကျပ်ဖြင့် ဈေးသာရှိပြီး အရောင်းအဝယ်ဖြစ်မှု မရှိပါ။ ပဲစဉ်းငုံ (နီ)မှာ အရောင်းအဝယ်ဖြစ်မှုမပြတ် အနည်းငယ်ရှိခဲ့ခြင်း၊ အရည်အသွေးညံ့သွားခြင်းကြောင့် ယခုအပတ် ၃တင်းတစ်အိတ် ၄၁၀၀၀၀ ကျပ် ဈေးဖြင့် ပဲခွဲစက်များ ဝယ်ယူမှုရှိသည်။ ပဲပုတ်(မြန်မာ) မှာ မိုးပဲပုတ်အဝင်နည်းသွားခြင်း၊ လုပ်ငန်းသမားအဝယ်များခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၄၁၀၀၀၀ကျပ် သို့ ဈေးမြင့်နေပြီး ပဲပုတ်(ရှမ်း) မှာ ဆီစက်သမားပုံမှန်ဝယ်ယူခြင်း၊ မိုးပဲအဝင်နည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၃၆၀၀၀၀ကျပ်မှ ၃၉၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ကုလားပဲ လက်ကျန်နည်း သော်လည်း လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၁၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး လုံးဝါကြီးမှာ ပဲခွဲစက်များဝယ်ယူမှုပုံမှန်ရှိခြင်း၊အဝင်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၂၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ လုံးဝါကြီးဈေးနိမ့်ခြင်း၊ ပဲစိုများပေါ်ချိန်ဖြစ်ခြင်း၊ မိုးတွင်းကာလ ဟင်းသီး/ရွက် ပေါ်ချိန်ဖြစ်ခြင်း၊ အလှူပွဲများဝယ်ယူမှု နည်းခြင်းကြောင့် ခွဲခြမ်းတစ်ပိဿာ ၇၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ အရောင်းအဝယ်အေးခြင်းကြောင့် ပဲယင်း ၃တင်းတစ်အိတ် ၁၉၅၀၀၀ ကျပ်၊ မြေတောက်ပဲ အရည် အသွေးပေါ်မူတည်၍ ၂၉၀၀၀၀မှ ၃၅၀၀၀၀ကျပ်၊ စားတော်ပဲ(ကျွန်း) ၃၈၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)၊ ပဲကြီး(ကြီး/သေး)မှာ မိုးပဲအဝင်နည်းသော်လည်း မိုးများသဖြင့် ပဲကြော်/လှော်လုပ်ငန်းသမားအဝယ်နည်းခြင်းတို့ကြောင့် ပဲကြီး(ကြီး) ၃တင်းတစ်အိတ် ၂၈၀၀၀၀ ကျပ်၊ ပဲကြီး(သေး) တစ်အိတ် ၂၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

စာ-၁၂ သို့



သဘာဝကပေးအစာနှင့်ဆေး

ကြေးမုံငယ်

# သပွတ်ပင်

သပွတ်ပင်၏ အင်္ဂလိပ်အမည်မှာ sponge gourd, Egyptian cucumber နှင့် Vietnamese luffa ဟု ခေါ်ဆိုကြပြီး ယင်း၏ သိပ္ပံအမည်မှာ Luffa aegyptiaca Mil. ဟုခေါ်ဆိုကာ ခဝဲ၊ ဖယုံ၊ ဗူး၊ သခွားတို့နှင့် မျိုးရင်းတူသည့် Cucurbitaceae တွင်ပါဝင်၏။ သပွတ်ပင်တွင် အခါးနှင့် အချို ဟူပြီး အမျိုးအစား နှစ်မျိုးရှိ၏။ သပွတ်ပင်သည် အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့တွင် သဘာဝအလျောက် ပေါက်ရောက်သည့်အပင်မျိုးဖြစ်၏။ ၁၈၉၀ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ သပွတ်ပင်ကို စီးပွားဖြစ် စိုက်ပျိုးခဲ့ကြပြီး ယင်းမှသည် အမေရိကန်ပြည်ထောင်စုရှိ သမပိုင်းဒေသများသို့ သယ်ဆောင်စိုက်ပျိုးကြသည်ဟု ဆို၏။ ယနေ့ခေတ်တွင် သပွတ်ပင်ကို ကမ္ဘာပေါ်ရှိ အပူပိုင်းနှင့် နွေးသမပိုင်းရာသီဥတုရှိသည့်ဒေသများဖြစ်သည့် အာဖရိကတိုက်၊ အမေရိက တိုက် အလယ်ပိုင်းနှင့် တောင်ပိုင်း၊ အာရှတိုက်ရှိနိုင်ငံများ အထူးသဖြင့် တရုတ်နှင့် ဂျပန်နိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဖြစ်ထွန်းလာကြ၏။

သပွတ်ပင်သည် တစ်နှစ်ခံနွယ်ပင်အမျိုးအစားဖြစ်ပြီး အပင်မှထွက်ရှိလာသော နွယ်နှာမောင်းများက အနီးကပ်စိုက်ထားသည့် အပင်ကိုဖြစ်စေ၊ခြံစည်းရိုးကိုဖြစ်စေ ယှက်နွယ်ပြီး ပေါက်ရောက်၏။ အရွက်များမှာ ရွက်လွှဲထွက်တတ်ပြီး ငါးထောင့်ချွန်းပုံသဏ္ဌာန်ရှိကာ အရင်းကားပြီး အဖျားရှူး၏။ အရွက်နှတ်ခမ်းပတ်လည်တွင် ခွေးသွားစိတ် လေး များ ရှိ ၏ ။ အ ရွ က် ၏ အောက်ဖက်ရှိ ရွက်ကြောများတွင် အမွေးနုလေးများရှိ၏။ အဝါရောင်ရှိပြီး ပွင့်ဖတ်တွင် အစိမ်းနုရောင် အမွေးနုလေးများရှိကာ ပန်းပွင့်အဖိုအမနှစ်မျိုးလုံး သီးခြားစီ ပွင့်တတ်ကြ၏။ အသီးမှာ တင်းပုတ်ပုံစံရှိကာ အလျား ငါးလက်မမှ ၁၂ လက်မခန့်အထိ အရှည်ရှိတတ်၏။ မျက်နှာပြင်ချောမွေ့ပြီး အသီးနုစဉ် အစိမ်းရောင်ရှိ၏။ အသီးအခွံတွင် အစင်းကြောင်းလေးများ ခပ်စိပ်စိပ်ရေးရေးမျှ မြင်ရ၏။ အသီးနုစဉ် အတွင်းသားမှာ ဖြူဖွေးပြီး အရည်ရွှမ်း၏။ သပွတ်စေ့မှာ ခပ်ပြားပြားပုံသဏ္ဌာန်ဖြင့် လက်တစ်ဆစ်ခန့်အရှည်ရှိ၏။

သပွတ်ပင်တွင် ဗီတာမင်အေ၊ ဗီတာမင်ဘီကွန်ပလက်စ်၊ ဗီတာမင်စီ၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်နှင့် အမျှင်ဓာတ်တို့အပါအဝင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ကြေလွယ်အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်၏။

- သပွတ်ညွန့်ရွက်နုနှင့် သပွတ်သီးနုတို့တွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အစာခြေစွမ်းအားကို မြင့်တင်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်းမှကာကွယ်ပေးနိုင်ခြင်းနှင့်အတူ အစာအိမ်နှင့်အူလမ်းကြောင်း ကျန်းမာရေးကို အထောက်အကူပြု၏။



- ဗီတာမင်အေ၊ စီနှင့် သွပ်ဓာတ်တို့ ကြွယ်ဝစွာပါဝင်သည့် သပွတ်ပင်သည် ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားကို ကြံ့ခိုင်ကောင်းမွန်စေခြင်း၊ သွေးအတွင်းရှိ သကြားဓာတ်ပမာဏကို ထိန်းပေးနိုင်စွမ်း၊ အသားအရေနှင့် ဆံကေသာကျန်းမာရေးကို ပံ့ပိုးပေးနိုင်စွမ်းရှိ၏။
- သပွတ်ပင်ရွက်နုညွန့်နှင့် အသီးနုလေးများကို စားသုံးပေးခြင်းဖြင့် အဆစ်အမြစ်ရောင်နာအပါအဝင် ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်းရှိ၏။
- ပိုတက်စီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သည့် သပွတ်ညွန့်နှင့် သပွတ်သီး နု တို့ ကို ပုံ မှန် စား ပေး ခြင်း ဖြင့် နှလုံး သွေးဖိအားကို ပုံမှန်ဖြစ်စေခြင်းအပါအဝင် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်ခြင်း တို့မှ လည်း ကာကွယ်ပေးနိုင်၏။
- သပွတ်ညွန့်နှင့် အသီးနုတို့တွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ခြင်းနှင့် အ စာ စွ မ်း အင် က ယ် လို ရီ ပ မာ ဏ နည်းပါး ခြင်းကြောင့် အဆာခံနိုင်ခြင်း၊ ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်းနှင့် အတူ ကိုယ်အလေးချိန်ကို ထိန်းပေးနိုင်စွမ်းရှိ၏။
- သပွတ်သီးနုနှင့် အညွန့်တို့တွင် ရေဓာတ်ပါဝင်မှုမြင့်မားခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ရေဓာတ်ဆုံးရှုံးမှုကို ထိန်းပေးနိုင်စွမ်းရှိ၏။
- ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်ဓာ တ် တို့ ကြွ ယ် ဝ စွာ ပါ ဝ င် သ ည့် သ ပွ တ် သီး နု နှ င့် အ ညွ န့် တို့ သ ည် ကိုယ်ခန္ဓာ၏ အရိုးကျန်းမာရေးကို ကြံ့ခိုင်ကောင်းမွန်စေခြင်းနှင့်အတူ အရိုးပွ ခြင်း မှ လ ည်း ကာ ကွ ယ် ပေး နိုင်၏။
- ဗီတာမင်အေ ကြွယ်ဝစွာပါဝင် ခြင်း ကြော င့် အ မြ င် အာ ရုံ ကျ န်း မာ ရေးကိုကောင်းမွန်စေရန် အထောက်အကူပြုစေ၏။
- ဗီတာမင်ဘီကွန်ပလက်စ်ပါဝင်သည့် သပွတ်ညွန့်နှင့် သပွတ်သီးတို့ကြောင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကို အထောက်အကူဖြစ်စေပြီး စွမ်းအားများကို တိုးပွားစေနိုင်၏။

ယခုရာသီချိန်တွင် သပွတ်ပင်မှ အညွန့်၊ အရွက်နုလေးများ၊ အသီးနုလေးများ လှိုင်လှိုင်ပေါ်သည့်အချိန်ဖြစ်ပြီး ဈေးထဲတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်၏။ အိမ်က ခြံစည်းရိုး ပ တ် လ ည် တွ င် စို က် ပျိုး ထား ပါ က လည်း အလွယ်တကူ ခူးဆွတ်ကာ ချက်ပြုတ်စားသောက်နိုင်၏။

- သပွတ်ညွန့်လေးများ၊ အရွက်နုလေးများကို ရေနွေးဖျောပြီးလျှင် ဒရင်ကောက်ညွန့်နုနုလေးများကို ရေနွေးဖျောပြီး ငပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ခရမ်းချဉ်သီးထောင်း၊ ခရမ်းချဉ်သီးပန်ထွေဖျော်၊ ငရုတ်သီးထောင်း၊ ငါးပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။
- ရေနွေးဖျောပြီးသား သပွတ်ညွန့်လေးများကို နှစ်သက်သလို လှီးဖြတ်ပြီးနောက် ကြက်သွန်နီပါးပါးလှီး၊ မြေပဲလှော်၊ နှမ်းလှော်ထောင်း၊ ပဲကျက်မှုန့်၊ ငရုတ်သီးစိမ်းပါးပါးလှီး၊ ပုစွန်ခြောက်မှုန့်၊ သံပရာရည်ညှစ်ပြီး နှံ့အောင်နယ်ပြီး သုပ်စားလျှင်လည်း အ လွ န် ပ င် ခံ တွ င်း မြိ န် စေ သ ည့် အသုပ် လေးတစ်ပွဲရ၏။
- သပွတ်သီးအနုလေးများကို သန့်စင်အောင်ရေဆေးပြီးနောက် နှစ်သက်သလိုလှီးဖြတ်ထားပြီး အိုးတစ်လုံးထဲ ထည့်ပါ။ ပြီးလျှင် ကြက်သွန်ဖြူ၊ နီ၊ ငရုတ်သီးစိမ်းတို့ကို မညက်တညက်ထောင်းပြီး ဟင်းခတ်အဖြစ် နှစ်သက်ရာ ပုစွန်/ ပုစွန်ခြောက်၊ ငါး/ ငါးခြောက်၊ ငါးပိစိမ်းစား အနည်းငယ်၊ ဆား၊ နနွင်းမှုန့်၊ အရသာမှုန့် အနည်းငယ်ခပ်ပြီး အားလုံးသမအောင် ရောနယ်ပြီး အိုးအဖုံးအုပ်ပြီး တည်ပါ။ အသီးလေးများ နွမ်းလာသောအခါ အဖုံးဖွင့် မန်ကျည်းနှစ်ပျစ်ပျစ်ဖျော်ပြီးထည့်၊ရေနွေးအနည်းငယ်ထည့်ကာ သမအောင်မွှေပြီး ပွက်ပွက်ဆူအောင်တည်ပါ။ ချဉ်ငံစပ်အရသာလေးနှင့် ထမင်းမြိန်စေမည့် သပွတ်သီး စပ်ချဉ်ချက်လေး

စာ-၁၅ သို့



# ပန်းတောင်းတွင် မိုးမြေပဲနှင့်ပဲစင်းငုံ သီးညှပ်စံကွက်မှ မိုးမြေပဲတစ်ဧက ၈၆တင်းထွက်ရှိ



ပဲခူး၊ အောက်တိုဘာ - ၁၀

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပန်းတောင်းမြို့နယ်ရှိ မိုးမြေပဲနှင့်ပဲစင်းငုံ သီးညှပ်စံကွက် ၅ ဧက ရိတ်သိမ်းရာတွင် မိုးမြေပဲတစ်ဧက ၈၆တင်းနှုန်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို ပန်းတောင်းမြို့နယ်၊ နတ်မောက်ကျေးရွာအုပ်စု၊ ရေဝင်ရွာလေး ကွင်းအမှတ် ၉၈ ရှိ တောင်သူဦးကျော်ဝင်း၏ မိုးမြေပဲနှင့်ပဲစင်းငုံသီးညှပ်စိုက်ခင်း ၅ ဧကတွင် အောက်တိုဘာ ၈ ရက်က ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ တက်ရောက် ကြည့်ရှုအားပေးခဲ့သည်။

"ကျွန်မတို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ဒေသအတွင်းမှာရှိတဲ့ တောင်သူတွေကို မျိုးကောင်း မျိုးသန့်များဖြစ်တဲ့ ဗီယက်နမ်မြေပဲမျိုးနဲ့ဆင်းပဒေသာ - ၁၁ မြေပဲမျိုးတွေကို ဖြန့်ဖြူးရောင်းချပေးပါတယ်။တိုင်းဒေသကြီးအစိုးရအဖွဲ့ကထုတ်ပေးတဲ့ MPE မြေဩဇာတွေကိုလည်း တောင်သူတွေ ကို ဈေး နှု န်း သ က် သာ စွာ နဲ့ ရောင်းချပေးပါတယ်။ဒါပြင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ဆွေးနွေးပေး ခြ င်း နဲ့ တော င် သူ ပ ညာ ပေး လုပ်ငန်းတွေကိုလည်း စိုက်ပျိုးရာသီအလိုက် ဆောင်ရွက်ပေးလျှက် ရှိပါတယ်" ဟု ပန်းတောင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသင်းက ပြောကြားသည်။

၂၀၂၄ - ၂၀၂၅ မိုးရာသီ၌ ပန်းတောင်းမြို့နယ်ရှိကျေးရွာအုပ်စုပေါင်း ၄၀ တွင် မိုးမြေပဲ ၃၈၃၃ ဧက စိုက်ပျိုးထားပြီး ယခုအခါ ရိတ်သိမ်းမှုများ စတင်လုပ်ဆောင်နေကြပြီဖြစ်သည်။ လာမည့်ဆောင်း စိုက်ပျိုးရာသီချိန်တွင်လည်း ပန်းတောင်းမြို့နယ်တွင် ဆောင်းမြေပဲ ၆၃၇၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ZLH

# ထိခိုက်ပျက်စီးခဲ့သော သီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးရန် ဌာနနှင့်တောင်သူပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၁၀

ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံများ အချိန်မီ ပြန်လည်စိုက်ပျိုး နိုင်ရေးအတွက် စို က် ပျိုး ရေး ဦး စီး ဌာ န ရုံး များ တွ င် စုဆောင်းထားသည့် အရန်မျိုးများဖြင့် တောင်သူများနှင့် ပူးပေါင်းကာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သောမိုးသည်းထန်စွာဆ က်တို က် ရွာ သွ န်း ခဲ့ မှု ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ချို့ရှိ မိုးစပါး၊ ဝါသီးနှံနှင့် မိုးသီးနှံများ ရေကြီးနစ်မြုပ်ကာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော သီးနှံများတွင် မိုးစပါးနှင့် မိုးနှောင်းချည်မျှင်ရှည် ဝါသီးနှံ ပြန်လည်စိုက်ပျိုးရန် ရာသီအချိန်ကျန်ရှိနေသဖြင့် မိုးစပါးပြန်လည်စိုက်ပျိုးရာတွင် သက်တမ်းတိုမျိုးများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ ပြန်လည်စိုက်ပျိုးနိုင်ရေး တောင်သူလယ်သမားများအနေဖြင့် အချိန်မီ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ဆောင်ရွက်ကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သော မိုးစပါးစိုက်ခင်းများတွင် စိုက်ပျိုးရေးဦးစီးဌာနက သတ်မှတ်ထားသော သွင်းအားစုနှုန်းထားများအတိုင်း လိုက်နာဆောင်ရွက်ရန်လည်း တောင်သူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တိုက်တွန်းထားသည်။

ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော မိုးစပါး စိုက်ဧရိယာများတွင် ရေပြန်လည်ကျဆင်းပြီး ထိခိုက်ခဲ့သော စ ပါး စို က် ခ င်း များ အား ပြ န် လ ည် ကုစားရန် မြေဩဇာနှင့် ရွက်ဖျန်းမြေ ဩ ဇာ များ ထ ည့် သွ င်း ခြ င်း သရုပ်ပြပွဲကို နေပြည် တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာအုပ်စု မိုးစပါးဧက ၁၀၀ ၌ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ကုစားရာတွင် တစ်ဧကလျှင် ယူရီးယား ၂၈ ပေါင်၊ သဘာဝမြေဩဇာ ပိုတက် မြေဩဇာ ၂၈ ပေါင်၊ ကျောက်မှုန့် ၅၆ ပေါင်နှင့် ရွက်ဖျန်းမြေဩဇာ ၅၀၀ဂရမ်နှုန်းဖြင့် ထည့်သွင်း ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင်မိုးစပါးစိုက်ခင်းများ ကောင်းမွန်စွာ ဖြစ်ထွန်းလျက်ရှိပြီး သတ်မှတ်ထွက်နှုန်းများအတိုင်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ရေကြီးနစ်မြုပ်မှုအတွက် ထိခိုက်ခဲ့သော မိုးစပါးစိုက်ခင်းများတွင် စိုက်ပျိုးရေး ဦးစီးဌာနက သတ်မှတ်ထားသော သွင်းအားစုနှုန်းများအတိုင်း ထည့်သွင်းကုစားခြင်းဖြင့် မျှော်မှန်း ထားသော အထွက်နှုန်းများအတိုင်း ရရှိနိုင်မည်ဖြစ်သောကြောင့် မိုးစပါးထိခိုက်ခဲ့သော တောင်သူများအနေဖြင့် စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် ထု တ် ပြ န် ချ က် တွ င် ဖော် ပြ ထား သည်။

ဖော်လင်းထွဋ်

စာ-၁၄ မှ

ရ၏။

- သန့်စင်ပြီးသား သပွတ်ညွန့် နှင့် အသီးနုလေးများကို အနေတော်လှီးဖြတ်ပြီး ကြက်သွန်ဖြူခားပြားရိုက် ဆီသတ်၊ ပုစွန်ခြောက် မညက်တညက်ထောင်း/ပုစွန်အစိုဆီသတ်၊ မွှေးလာပြီဆိုလျှင် သပွတ်ညွန့်လေးများထည့်၊ ဆား၊ ဟင်းခတ်မှုန့်လေးအနည်းငယ်ထည့်ပြီး သမအောင်မွှေကြော်၊ ရိုးရှင်းပြီး အရသာရှိကာ ထမင်းမြိန်စေသည့် ဟင်းရံတစ်ပွဲရ၏။

- ကြက်ရိုးပြုတ်၊ ငါးပြုတ်ရည်တို့ထဲတွင်လည်း သပွတ်ညွန့်ကို ခပ်ပြီး အရည်သောက်ဟင်း ချက်စားလျှင်လည်း ကောင်း၏။

ရင့်မှည့်သွားသည့် သပွတ်သီးများ၏ အတွင်းသားမှာ ငှက်သိုက်ကဲ့သို့အမျှင်များ ဖြစ်ပေါ်လာပြီး စားသုံးရန် မသင့်တော့ပေ။ ယင်းကို အိုးတိုက်၊ ပန်းကန်ဆေးရာတွင် အသုံးပြုခြင်း၊ ရေချိုးချိန်တွင် အသုံးပြုကြသည်။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် သပွတ်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံယ်

# ထိခိုက်သီးနှံ အချိန်မီကုစား ပေါင်းစည်းအားဖြင့်...

**TTP**

၂၀၂၄-၂၀၂၅ ခုနှစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတွင် မိုးစပါးကို ဧက ၁၅ သန်းကျော် လျာထားခဲ့ရာ စက်တင်ဘာလကုန်အထိ ဧက ၁၄ ဒသမ ၆၇ သန်း စိုက်ပျိုးပြီးဖြစ်သည်။ မုတ်သုံရာသီကုန်ကာလသို့ ရောက်ရှိလာပြီဖြစ်ပြီး မိုးစပါးရိတ်သိမ်းမှုများ စတင်လာပြီဖြစ်ရာ လက်ရှိ ဧက ၆ သောင်းကျော် ရိတ်သိမ်းပြီးကြောင်း သိရသည်။ မိုးသီးနှံများအနက် အစေ့ထုတ်ပြောင်းဧက ၁ ဒသမ ၃၇ သန်း၊ မြေပဲဧက ၁ ဒသမ ၉ သန်း၊ နှမ်းဧက ၂ ဒသမ ၇ သန်း၊ နေကြာ ၁ ဒသမ ၆၆ သိန်း၊ ဝါဧက ၅ သိန်းကျော်၊ ပဲမျိုးစုံဧက ၃ ဒသမ ၀၈ သန်းကျော် စိုက်ပျိုးပြီးဖြစ်သည်။ ယခုနှစ်မိုးရာသီအတွင်း စက်တင်ဘာကုန်အထိ မိုးစပါးအပါအဝင် နှစ်ချင်းမိုးသီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ နှစ်ရှည်သီးပင်များနှင့် အခြား စုစုပေါင်း ၃၅ ဒသမ ၈ သန်းကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်း စာရင်းဇယားများအရ သိရှိရသည်။

စက်တင်ဘာလ အတွင်း မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့ တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းနှစ်ခု အရှိန်ကြောင့် ပြည်တွင်းဒေသအချို့၌ ထူးကဲသည့် မိုးရွာသွန်းခဲ့ရာ တောင်ကျချောင်းရေ၊ မြောင်းရေ၊ မြစ်ရေ၊ ကွင်းရေများ ပြည့်လျှံပြီး ရေကြီး ရေလျှံခြင်း ဖြစ်ပေါ်ခဲ့သဖြင့် မိုးစပါးနှင့် သီးနှံစိုက်ကွင်းများ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရသည်။

အောက်တိုဘာ ၄ ရက်နေ့အထိ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးသီးနှံစိုက်ဧကပေါင်း ၄ ဒသမ ၉ သိန်းကျော် ရေနစ်မြုပ်ခဲ့ပြီး ၄ ဒသမ ၇ သိန်းကျော် ပြန်ပေါ်ကာ ဧက ၃ ဒသမ ၅ သိန်းကျော် ထိခိုက်ပြီး ဧက ၂ ဒသမ ၂ သိန်းကျော် ပျက်စီးမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။ မိုးသီးနှံများအနက် မိုးစပါးဧက ၂ ဒသမ ၈၉ သိန်းကျော် ထိခိုက်ပြီး ပျက်စီးဧကမှာ ၁ ဒသမ ၈၅ သိန်းဖြစ်သည်။ ထို့ပြင် မိုးစိုက်အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ ပဲမျိုးစုံနှင့် အခြားသီးနှံ ဧက ၂ သောင်း ၃ ထောင်ကျော်လည်း ပျက်စီးမှု ရှိခဲ့ကြောင်း သိရှိရသည်။

ထိခိုက်မှုရှိသော သီးနှံစိုက်ခင်းများကို ရာသီအမီ ပြန်လည်ပြုစု ကုစားနိုင်ရေးမှာ အရေးကြီးသည့်အတွက် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ထိခိုက်စပါးခင်းများအား သွင်းအားစုများ ထည့်သွင်းရန် ကြိုတင်ပြင်ဆင်မှု သရုပ်ပြခြင်း၊ ရေကြီးနစ်မြုပ်စပါးခင်းများ ပြန်လည်ကုစားရန် ရွက်ဖျန်း အားဆေးပက်ဖျန်းခြင်း၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ရောစပ်ထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နိုင်မှသာ မျှော်မှန်းအထွက်နှုန်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင်ပျက်စီးသည့် သီးနှံစိုက်ခင်းများကိုလည်း အချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ကြရန် လိုအပ်သည့် ထွန်ယက်ရေးလုပ်ငန်းများ ကူညီပေးခြင်း၊ မျိုးပံ့ပိုးကူညီခြင်းစသည့် လိုအပ်သော ကူညီပံ့ပိုးမှုတို့ကို ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအပါအဝင် ဌာနအသီးသီးတို့က ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် မိုးစပါးသီးနှံ ထိခိုက်မှုရှိခဲ့သည့် စိုက်ခင်းများအတွက် အတိုးမဲ့ ချေးငွေနှင့် မိုးစပါးများ ပြန်လည် စိုက်ပျိုးနိုင်ခြင်းမရှိသော ဧရိယာများတွင် မတ်ပဲ၊ ပဲတီစိမ်းသီးနှံများ၊ မြေပဲ၊ နှမ်း၊ နေကြာသီးနှံများစသည့် တောင်သူများ တွက်ခြေကိုက်သော အခြားသီးနှံများ ပြန်လည် အစားထိုး စိုက်ပျိုးနိုင်ကြစေရန် အတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ပြောင်းလဲနေသည့် ရာသီဥတုဖြစ်စဉ်များသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအပေါ် များစွာ သက်ရောက်မှုရှိသည်ဖြစ်ရာ သက်ဆိုင်ရာ ဌာနအသီးသီးနှင့် တောင်သူလယ်သမားများအနေဖြင့် ရာသီဥတုအခြေအနေများကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ခြင်း၊ ကြိုတင်သတိပေးမှု၊ ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ ရေမြေရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးရေး ပူးပေါင်းစီမံခြင်း၊ လိုအပ်သည့် နည်းပညာနှင့် ပံ့ပိုးမှုအကူအညီများကို ဆိုင်ရာဌာနအလိုက် တောင်သူထံဖြန့်ဝေခြင်း/တောင်သူက တောင်းခံရယူခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြင့် မျှော်မှန်းသီးနှံအထွက် ရရှိကြပြီး တစ်ဦးချင်းအကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးစီးပွား ကောင်းစွာ ဖြစ်ထွန်းနိုင်ကြမည် ဖြစ်ပါကြောင်းတိုက်တွန်းရေးသားလိုက်ရပါသည်။

TTP



ရေကြီးနစ်မြုပ်၍ ထိခိုက်ခဲ့သော စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ
(ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ၊ နေပြည်တော်ကောင်စီနယ်မြေ)